မြန်မာ့ အသရေဖျက်မှုဥပဒေများကို ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီရန် ပြုပြင်ရေးအတွက် ပညာရပ်ဆိုင်ရာ ရွေးချယ်စရာ လမ်းကြောင်းများ

Legal options for democratising Myanmar's defamation laws

# အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များ

## Defamation reform proposals

# ကျေးဇူးတင် အသိအမှတ်ပြုခြင်း

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် သုတေသနလုပ်ငန်းတွင် ပါဝင်ခဲ့သူအားလုံးကို FEM မှ ကျေးဇူး တင်ကြောင်း ပြောကြားလိုပါသည်။ ဤသုတေသနသည် Creative Commons Share Alike လိုင်စင်အရ လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)]၌ မူပိုင်ခွင့် ရှိပါသည်။ဤလိုင်စင်အရ FEM ကို အသိအမှတ်ပြုဖော်ပြပြီး၊ သင်၏ အသစ်ဖန်တီးမှုများအား တူညီသော စည်းမျဉ်းဖြင့် လိုင်စင်ပြုလုပ်ထားလျှင် ဤစာတမ်းအား စီးပွားရေးအရ မဟုတ်သည့်ပြန်လည်ထုတ်ဝေခြင်း၊ အနည်းငယ်ပြုပြင်ပြောင်းလဲခြင်းတို့ပြုလုပ်နိုင်ကာ၊ စီးပွားရေးအရမဟုတ်သည့် သင့်လုပ်ငန်း (စာအုပ်၊စာတမ်း စသည်တို့) တွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။

## FEM မိတ်ဆက်

လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း(မြန်မာ) [Free Expression Myanmar (FEM)] သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်ခွင့်အရေးတွင် နှံ့စပ်သော၊ ဥပဒေပြုပြင်ပြောင်း လဲရေးတွင် ပါဝင်ဆောင်ရွက်နေသော၊ ဥပဒေချိုးဖောက်ခံရသူများကို ကာကွယ်နေသော၊ ထို့အပြင် အကောင်းဆုံး နိုင်ငံတကာ အလေ့အထကောင်းများကို အလေးဂရုပြုလာအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် လိုအပ်နေသည့် သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများ အလေးထားဂရုပြုလာရန် FEM ၏ ရည်ရွယ်ချက် တစိတ်တစ်ပိုင်းဖြစ်ပါသည်။

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

တို့တွင် ကျေးဇူးပြု၍ ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

# Acknowledgements

The report is copyrighted under a Creativse Commons Attribution-NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

## About FEM

Free Expression Myanmar (FEM) is a national human rights organisation that is expert in free expression and information, engaging in legal reform, defending victims of violations, and promoting best international standards.

This report forms part of FEM’s objective to promote appropriate and needed reforms. See:

- www.FreeExpressionMyanmar.org
- www.facebook.com/FreeExpressionMyanmar
- coordinator@FreeExpressionMyanmar.org

## FEM supporters

FEM would like to thank Heinrich-Böll-Stiftunge for supporting this project. FEM would also like to thank Pen America and the US State Department Bureau of Democracy, Human Rights, and Labor for their support in increasing the impact of this report.

HEINRICH BÖLL STIFTUNG MYANMAR

PEN AMERICA

BUREAU OF DEMOCRACY, HUMAN RIGHTS AND LABOR U.S. DEPARTMENT OF STATE

## Involvement and endorsements

FEM would like to thank all those who were involved in developing these reform options. The options were first developed by the Decriminalising Defamation Advocacy Group in Bago in 2018. In 2019 and 2020 they have been strengthened and clarified in multiple consultations, tested with lawyers, and discussed at length with union MPs.

**နိဒါန်း Introduction** ... 3

**အသရေဖျက်ခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခြင်း Defamation and freedom of expression** ... 5

**မြန်မာနိုင်ငံရှိ အသရေဖျက်မှု Defamation in Myanmar** ... 10

- လက်တွေ့အသုံးပြုနေသော မြန်မာ့အသရေဖျက်မှုဆိုင်ရာဥပဒေများ Myanmar’s defamation laws in practice ... 13
- ဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ကွာဟချက်များ Gaps in legal defence ... 14

**အခြားနိုင်ငံများ၏ အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ Other countries’ defamation reforms** ... 18

- သီရိလင်္ကာ Sri Lanka ... 18
- ယူကေ United Kingdom ... 18
- အိန္ဒိယ India ... 19
- မော်လ်ဒိုက် Maldives ... 20

**မြန်မာနိုင်ငံတွင် အသရေဖျက်မှုဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနည်းလမ်းများ Reform options in Myanmar** ... 24

- နည်းလမ်း(၁)- တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေကို အတည်ပြုခြင်း။ Option 1: Adopt a Civil Defamation Law ... 24
- နည်းလမ်း(၂) - ရာဇသတ်ကြီးရှိ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေတွင် ပိုမိုခိုင်မာသော ခုခံကာကွယ်မှုများ ထည့်သွင်းခြင်း။ Option 2: Add stronger defences to the Penal Code ... 25
- နည်းလမ်း(၃)- ထောင်ဒဏ်အားလုံးကို ဖယ်ရှားပစ်ခြင်း။ Option 3: Remove all prison sentences ... 27
- နည်းလမ်း(၄)- “ရည်ရွယ်ချက်ရှိရှိဖြင့် အပြင်းအထန် အသရေဖျက်မှုများ” ကိုသာ ကန့်သတ်ထားပေးရန်။ Option 4: Limit to “Deliberate and serious defamation” ... 28

**နိဂုံး Conclusion** ... 31

- အကြံပြုချက်များ Recommendations ... 31

# နိဒါန်း

## Introduction

**"နိုင်ငံရေးခေါင်းဆောင်များနှင့်တပ်မတော်ခေါင်းဆောင်များအား ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုနှင့်အသရေပျက်စေခြင်းတို့မှကာကွယ်ရန် ဟူသော ရည်ရွယ်ချက်ဖြင့်အရပ်သားပြည်သူများနှင့် စာနယ်ဇင်းသမားများကို ဖမ်းဆီးထိန်းသိမ်းခြင်း ၊ တရားစွဲဆိုခြင်းတို့ ပြုလုပ်နေခြင်းသည် ဒီမိုကရေစီ၏ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု မရှိပေ။ ထိုသို့ လုပ်ဆောင်ခြင်းသည် အကျင့်ပျက်ခြစားခြင်းများ ၊ မတရားမှုများ နှင့် အရည်အချင်းမရှိသော အာဏာပိုင်များကို ထောက်ပြနိုင်ရန် အတွက် အဟန့်အတား ဖြစ်စေနိုင်သည်။ နောက်ဆုံး အကျိုးဆက်အနေဖြင့် မြန်မာ့ဒီမိုကရေစီ ယဉ်ကျေးမှုဖြစ်စဉ် တိုးတက်ဖြစ်ထွန်းမှုကို နှောင့်နှေးစေလိမ့်မည်။"**

**- ဦးတင်အောင်ထွန်း၊ လွှတ်တော်အမတ်(မကွေးတိုင်းဒေသကြီး)[၁]**

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ဆောင်နေသည်မှာ နှစ်များစွာ ကြာမြင့်လာပြီဖြစ်သော်လည်း မြန်မာ့ ဥပဒေမူဘောင်များသည် အသရေဖျက်မှုနှင့်ပတ်သက်ပြီး တိုးတက်မှု တစ်စုံတစ်ရာ လုပ်ဆောင်ခြင်း မရှိသေးပေ။ ရလဒ်အနေဖြင့် သတင်းသမား၊ လူ့အခွင့်အရေးကာကွယ်သူနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ရာပေါင်းများစွာသည် ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးမှုကြောင့် မတရားသဖြင့် အရေးယူ၊ ဖမ်းဆီးခံခဲ့ရသည်။

ကံကောင်းသည့်အချက်မှာ အစိုးရဌာန၊ လွှတ်တော်နှင့် တရားစီရင်ရေးမဏ္ဍိုင်မှ ပုဂ္ဂိုလ်များက အသရေဖျက်မှုဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းသည် ဒီမိုကရေစီ အကောင်အထည်ဖော်ရေးအတွက် ကနဦးလုပ်ဆောင်ရမည့် ခြေလှမ်းများ ( နောက်ဆုံးအဆင့်မှ လုပ်ရန်မဟုတ်သည့်)ထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်ကို အသိအမှတ်ပြုကြသည်။ ၎င်းတို့ မေးလေ့ရှိသည်မှာ 'အသရေဖျက်မှုဆိုင်ရာ ဥပဒေများကို ပြုပြင်ပြောင်းလဲရာတွင် ရွေးချယ်စရာ မည့်သည့်လမ်းကြောင်းများ ရှိသနည်း' ဆိုသည်နှင့် 'အခြားနိုင်ငံများတွင် မည်ကဲ့သို့ လုပ်ဆောင်ခဲ့ကြသနည်း'ဆိုသည့် မေးခွန်းများ ဖြစ်သည်။

ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာ ဥပဒေခြောက်ခုအကြောင်းနှင့် အလားတူနိုင်ငံများတွင် အသရေဖျက်မှုဆိုင်ရာ ဥပဒေများကို မည်သို့ ပြုပြင်ပြောင်းလဲခဲ့ပုံအကြောင်း အသေးစိတ်ကို တင်ပြထားသလို မြန်မာနိုင်ငံ၌ လုပ်ဆောင်နိုင်မည့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ရွေးချယ်စရာလမ်းကြောင်းများကိုလည်း ဆန်းစစ်ဖော်ထုတ်ထားသည်။

**"Filing lawsuits against and detaining civilians and journalists as a reason to protect the Tatmadaw and political leaders from personal attacks and defamation is not in line with international standards of democracy. It could potentially deter individuals from casting a spotlight on corruption, unfairness, and the impotence of the authorities. As a result, it hampers the development of our democratic culture in Myanmar."**

**- U Tin Aung Tun, MP for Magwe[1]**

Myanmar is several years into its democratic transition but has not yet sought to improve its regulatory framework for defamation. As a result, hundreds of journalists, human rights defenders, and political activists have been unjustly prosecuted and imprisoned for exercising their right to freedom of expression.

Fortunately, many people, including in the government, parliament, and the judiciary, recognise that reforming defamation laws are one of the first – not last – steps to achieving democracy. The questions they have are: what options are there for reforming defamation laws and how did other countries do it?

This report outlines Myanmar's six defamation laws, details how other similar countries reformed their defamation laws, and identifies reform options that could work in Myanmar. It is the third report in a series focused on defamation in Myanmar. The first report, *"66d: No real Change"* revealed the issue of Myanmar's case law.[2] The second, *"Defamation?"* compared Myanmar's legal framework to international democratic standards on defamation.[3]

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အသရေဖျက်မှုနှင့်ပတ်သက်သော တတိယမြောက် အစီရင်ခံစာလည်း ဖြစ်သည်။ ပထမအစီရင်ခံစာ "၆၆(ဃ) -စစ်မှန်သည့် ပြောင်းလဲခြင်းမရှိ"တွင် မြန်မာနိုင်ငံ၏ စီရင်ထုံးများနှင့် ပတ်သက်၍ ဖော်ပြခဲ့ပြီး ဒုတိယအစီရင်ခံစာ "အသရေဖျက်မှု"တွင် မြန်မာ့ ဥပဒေမူဘောင်ကို အသရေဖျက်မှုဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်ပြထားသည်။[၂]

# အသရေဖျက်ခြင်းနှင့် လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုခြင်း

# Defamation and freedom of expression

အသရေဖျက်ခြင်းဆိုင်ရာဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ "ဂုဏ်သိက္ခာ" အခွင့်အရေးကို ကာကွယ်ရန်ဖြစ်သည်။[၄] လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ သူ၏ ရပ်တည်ချက်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာအခွင့်အရေးကို နိုင်ငံတကာဥပဒေအောက်တွင် အာမခံချက်ပေးထားသည်။

> **"အပိုဒ် ၁၇ : မည်သူတစ်ဦးတစ်ယောက်မျှ သူ၏ဂုဏ်သိက္ခာ၊ ကျော်ကြားမှုအပေါ် ဥပဒေနှင့်မညီသော တိုက်ခိုက်မှု မခံစေရ။"[၅]**
>
> **- အရပ်ဖက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်(၁၉၆၆)**

"အသရေဖျက်ခြင်း" ဆိုသည်မှာ လူတစ်ဦး ၏ ဂုဏ်သိက္ခာ ကို ပျက်စီးစေသော မှားယွင်းသည့်အဆိုတစ်ရပ်ကို ဖော်ပြရာတွင်သုံးသော ဝေါဟာရဖြစ်ပြီး ကုစားမည့်နည်းလမ်းလည်း လိုအပ်ပေသည်။[၆] မည်သို့ပင်ဆိုစေကာမူ အောက်ပါအချက်များကို အသိအမှတ်ပြု နားလည်ထားရန်မှာလည်း အရေးကြီးပေသည်။

- တစ်စုံတစ်ဦး၏ဂုဏ်သိက္ခာကို ပျက်ယွင်းစေခြင်းသည် တစ်ခါတစ်ရံ ကျိုးကြောင်းညီညွတ်သည်။ ဥပမာ- တစ်စုံတစ်ဦး၏ မှားယွင်းသော လုပ်ရပ်ကို သိမြင်လာအောင် တင်ပြခြင်း။
- အချို့သောသူများသည် ပင်ကိုယ်က နာမည်ဆိုး ထွက်နေသူများဖြစ်ကြသည်။ ဥပမာ- အကျင့်ပျက်ခြစားနေသော အစိုးရ အရာရှိကြီးတစ်ဦးကို အသရေဖျက်ရန် ခက်ခဲသည်။ အကြောင်းမှာ သူ့အနေဖြင့် ယခင်ကတည်းက ဂုဏ်သိက္ခာ ကျဆင်းပြီး ဖြစ်နေသောကြောင့် ဖြစ်သည်။
- အကယ်၍ ဆိုးဝါးသောထိခိုက်နစ်နာမှုဖြစ်ပေါ်စေမှသာလျှင် လူတစ်ဦး၏ ဂုဏ်သိက္ခာကို ပျက်ယွင်းစေခြင်းသည် အသရေဖျက်မှု မြောက်ပေမည်။ ဥပမာ - ထိုသူ၏ စီးပွားရေးလုပ်ငန်းကို ထိခိုက်မှုရှိခြင်း၊လူ့အသိုင်းအဝန်းမှ ဝိုင်းပယ်ခံရခြင်း။

The purpose of a defamation law or provision is to protect an individual's right to a "reputation".[4] A person's reputation is their standing within society. The right to reputation is guaranteed under international law:

> **"Article 17: No one shall be subjected to […] unlawful attacks on his honour and reputation."[5]**
>
> **- International Covenant on Civil and Political Rights (1966)**

"Defamation" is the word used to describe false statements of fact that damage a person's reputation and require remedy.[6] However, it is important to recognise that:

- Damaging someone's reputation is often justified. For example, raising awareness of someone's wrongdoing.
- Some people already have bad reputations. For example, it is difficult to defame a corrupt governmental official because their reputation is already bad.
- Damaging a person's reputation is only defamation if it causes serious harm. For example, by affecting their business or leading to social exclusion.

## အသရေဖျက်ခြင်းမဟုတ်သော အကြောင်းအရာများ

မတူညီသောနိုင်ငံအမျိုးမျိုးက အသရေဖျက်ခြင်းကို ကွဲပြားခြားနားသော ဝေါဟာရမျိုးစုံ သုံးစွဲဖော်ပြကြသည်။ (စာဖြင့် ရေးသား

## Defamation is not...

Different countries use different words for defamation, such as libel (written defamation), slander (spoken defamation), or calumny (false statements).

သိက္ခာချခြင်း) libel ၊ (နှုတ်ဖြင့်ပြောဆိုသိက္ခာချခြင်း) slander ၊ သို့မဟုတ် (မှားယွင်းသော ထုတ်ပြန်ချက်များ) calumny စသည်တို့ဖြစ်သည်။

ထိုအသရေဖျက်ခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များအားလုံး၏ ရည်ရွယ်ချက်မှာ ဂုဏ်သိက္ခာကို ကာကွယ်ပေးရန်ဖြစ်ပြီး ၊ သဘောတရားအရ များစွာကွဲပြားခြားနားခြင်း မရှိပေ။ အောက်ပါတို့မှာ အသရေဖျက်ခြင်း မဟုတ်ပါ ...

- ... "အမုန်းစကား" သို့မဟုတ် "လှုံ့ဆော်မှု" - လှုံ့ဆော်မှုပြုခြင်းဆိုင်ရာ ဥပဒေများသည် အပယ်ခံလူနည်းစုအုပ်စုများ၏ လုံခြုံမှု နှင့် လူမှုဆိုင်ရာအခွင့်အရေး တန်းတူရရှိရေးကို အကာအကွယ်ပြုရန်ရည်ရွယ်သည်။ လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာအတွက် မရည်ရွယ်။[၇]
- ... ကိုယ်ရေးကိုယ်တာကိစ္စရေးရာများကိုကျူးကျော်ခြင်း - ကိုယ်ရေးကိုယ်တာ သီးခြားကိစ္စများဆိုင်ရာ ဥပဒေများသည် မှားသည် ဖြစ်စေ မှန်သည်ဖြစ်စေ ၊ သို့တည်းမဟုတ် တစ်စုံတစ်ဦး၏ ဂုဏ်သိက္ခာ ပျက်ယွင်းသည်ဖြစ်စေ ၊ မပျက်ယွင်းသည် ဖြစ်စေ ထိုဥပဒေနှင့်မဆိုင် ၊ တစ်စုံတစ်ဦး၏  ကိုယ်ရေးကိုယ်တာ ကိစ္စများကို ကျူးကျော်ဝင်ရောက်ခြင်းနှင့်သာ သက်ဆိုင်သည်။[၈]
- ... ဘာသာရေးဆိုင်ရာစော်ကားခြင်းဥပဒေ - ဘာသာရေးဆိုင်ရာစော်ကားခြင်းနှင့် သက်ဆိုင်သော ဥပဒေသည် ထိရှလွယ်သောဘာသာရေးယုံကြည်မှုများကို ကာကွယ်ပေးရန်ဖြစ်သည်။ လူပုဂ္ဂိုလ်များကိုသာ ကာကွယ်ရန်ဖြစ်ပြီး ၊ ယုံကြည်မှုများကို ကာကွယ်ရန်မတတ်နိုင်ပါ။ (ဥပမာ-ခရစ်ယာန်ဘာသာကို လက်ခံယုံကြည်သူ သို့မဟုတ် ကွန်မြူနစ်ဝါဒကိုလက်ခံယုံကြည်သူ)
- ... အများပြည်သူတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး- ဤဥပဒေများသည် အကြမ်းဖက်မှု သို့မဟုတ် နိုင်ငံအားဖျက်ဆီးမှုတို့ကို ကာကွယ်ရန်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သိက္ခာနှင့်မသက်ဆိုင်ချေ။

ဂုဏ်သိက္ခာကိုကာကွယ်ခြင်းသည် စိတ်ခံစားမှုကို ကာကွယ်ခြင်းမဟုတ်။ ဂုဏ်သိက္ခာဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျသောအရာ ဖြစ်ပြီး၊ ယင်းကိုပြင်ပရှိ လူတစ်ဦးက ပြင်ပတိုင်းတာချက်ဖြစ်သည့် ဓနအင်အား ဆုံးရှုံးမှု ကဲ့သို့သော နစ်နာဆုံးရှုံးမှုတိုင်းတာချက်ဖြင့် အကဲဖြတ်နိုင်သည်။ ခံစားချက်ဆိုသည်မှာ ပုဂ္ဂလဓိဋ္ဌာန် (စိတ်ကူးယဉ်) သဘောဆောင်သည်။ ယင်းကို ခံစားရသော လူတစ်ဦး၏ အတွင်းခံစားချက်ဖြင့်သာ တိုင်းတာနိုင်သည်။ တိုင်းတာနိုင်သည့် မည်သည့်ပြင်ပစံနှုန်းမျှမရှိဘဲနှင့် ခံစားချက်ဖြစ်ပေါ်သည်ဟု သက်သေမပြနိုင်ပေ။ ထိုနည်းတူစွာပင် တရားခံဖြစ်သူအနေဖြင့်လည်း ယင်းခံစားချက်မဖြစ်ပေါ်ခဲ့ပါဟု သက်သေပြရန် မဖြစ်နိုင်ပေ။ တရားရုံးများသည် ဆုံးဖြတ်ချက်များကို ပုဂ္ဂလဓိဋ္ဌာန် သဘောဆောင်သည့် ခံစားချက် ခံယူချက်များအပေါ် အခြေပြုပြီး၊ လိုရာဆွဲ ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုသင့်ပါ။

The purpose of all these defamation laws and provisions is to protect reputations, not completely different concepts. Defamation is not…

- …"hate speech" or incitement: Incitement laws are intended to protect the safety and social equality of marginalised groups, not individual reputations.[7]
- …invasion of privacy: Privacy laws are concerned with the wrongful intrusion into something deeply personal, regardless of whether it is true or false, or whether it damages someone's reputation.[8]
- …blasphemy: Laws on blasphemy protect the sensitivities of religious belief. Only people, not beliefs (for example, Christian or communist), are afforded rights.
- …public order or national security: These laws are intended to prevent violence or destruction of the state, not an individual's reputation.

Protecting reputations is not protecting feelings. Reputations are objective concepts that can be assessed by an external person using an external measurement such as financial loss. Feelings are subjective and can only be measured internally by the person who feels them. Without any means of external measurement, it is impossible to prove a feeling happened, and equally impossible for a defendant to show that it did not. Courts should never make judgements based on subjective concepts.

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း

အသရေဖျက်ခြင်းဆိုင်ရာ ဥပဒေများသည် အမြဲဆိုသလို လွတ်လပ် စွာ ထုတ်ဖေါ်ပြောဆိုရေးသားခြင်း အခွင့်အရေးကို သက်ရောက်မှု ရှိသည်။[၉]

> **"လူတိုင်းသည် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်နှင့်လွတ်လပ်သော သဘောထားအမြင်များ ရှုမြင်နိုင်ခွင့် ရှိသည်။ ဤအခွင့် အရေးတွင်လူတိုင်းသည် အနှောင့်အယှက် အဟန့်အတားမရှိ စေဘဲ လွတ်လပ်သော သဘောထား အမြင်များထားရှိနိုင်ပြီး၊ သတင်းအချက်အလက်များနှင့် သဘောထား အမြင်များအား မည်သည့်မီဒီယာကိုမဆို အသုံးပြုကာ ၊ နယ်စည်းမခြားဘဲ ရှာဖွေခွင့် ၊ ရယူခွင့် ၊ လက်ဆင့်ကမ်း ဖြန့်ချီခွင့်တို့လည်း ပါဝင် ပေသည်။"**
>
> **- လူ့အခွင့်အရေးကြေညာစာတမ်း၏ပုဒ်မ (၁၉)**

လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်သည် အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ်ပြီး လွတ်လပ်ပြီး ဒီမိုကရေစီနည်းကျသော လူ့အဖွဲ့အစည်းတိုင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။ တစ်ဦးချင်း တိုးတက်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ကျန်အခြားသော လူ့အခွင့်အရေးများကို ကာကွယ်၊ ဖြန့်ဝေအားပေးရန်နှင့် ကျင့်သုံးရန်အတွက် အလွန်အရေးကြီးသောအရာဖြစ်ပါသည်။ ကိုယ့်စိတ်ထဲတွင်ရှိသည်ကို လွတ်လပ်စွာပြောခွင့်ရသူများသည် ပိုမိုလေးစားခံရသည်ဟူသော စိတ်ဖြစ်ပေါ်၍ မိမိဘဝကို ပို၍ကောင်းစွာ စီမံကိန်းချနိုင်သည်။ အစိုးရကိုစောင့်ကြည့်သူအဖြစ် လှုပ်ရှားဆောင်ရွက်နိုင်ပြီး အရေးကြီး ဆုံးဖြတ်ချက်များ ချသည့် ကိစ္စရပ်တိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်ကို စွဲကိုင်ထားရန် ကတိကဝတ် ပြုထားကြသည့် နိုင်ငံများဖြစ်သည်။ ၎င်းကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ ပုဒ်မ (၁၉)၊ အရပ်ဖက်နှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR) အပြင်၊ အာဆီယံလူ့အခွင့်အရေးကြေညာ စာတမ်းတွင်လည်း တွေ့နိုင်သည်။ ယင်းအခွင့်အရေး၏ အင်္ဂါရပ်များကို နိုင်ငံတကာဓလေ့ထုံးတမ်း ဥပဒေတွင်လည်း လေ့လာတွေ့ရှိနိုင်ပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတကာဥပဒေတွင် ဤကဲ့ သို့တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို -

- နိုင်ငံသားသို့မဟုတ် အခြားသောနောက်ခံအကြောင်းရင်းအရ ခွဲခြားမှုမရှိဘဲ လူတိုင်း ပိုင်ဆိုင်သည်။
- ယင်းတွင် သတင်းအချက်အလက်များကို ရှာဖွေခွင့်၊ ရယူပိုင်ခွင့်နှင့် ဖြန့်ဝေခွင့်တို့လည်း ပါဝင်သည်။
- ယင်းအခွင့်အရေးတွင် နိုင်ငံရေးဆိုင်ရာ ရေးသားပြောဆိုချက်

# Freedom of expression

Defamation laws always impact on the right to freedom of expression, which is similarly protected under international law.[9]

> **"Everyone has the right to freedom of opinion and expression; this right includes freedom to hold opinions without interference and to seek, receive and impart information and ideas through any media and regardless of frontiers."**
>
> **- Article 19 of the Universal Declaration of Human Rights**

The right to freedom of expression is a fundamental human right, and the foundation of every free and democratic society. It is important for personal development, good governance, and the protection, promotion, and exercise of all other human rights. People who are free to speak their minds feel more respected, are better able to plan their lives, can act as a government watchdog, and can get involved in all sorts of decision-making.

All UN member states including Myanmar have committed to uphold the right to freedom of expression. This commitment can be found in Article 19 of the UDHR, Article 19 of the ICCPR, and in the ASEAN Human Rights Declaration. Elements of the right can also be found under international customary law.

The right to freedom of expression is precisely defined in international law. It:

- belongs to everyone regardless of their nationality or other background.
- includes the right to seek, receive, and impart information.
- includes ideas of all kinds, from political to media, to cultural expression, or even to jokes.
- can be expressed through any way, such as online or in street protests.
- applies regardless of borders.

များမှ မီဒီယာ ၊ ယဉ်ကျေးမှုနှင့်ဆိုင်သော ထုတ်ဖော်ပြောဆိုချက်များအပြင် ဟာသအထိ အတွေးအခေါ်အကြံဉာဏ်အားလုံး ပါဝင်သည်။

- အွန်လိုင်း (သို့မဟုတ်) လမ်းမပေါ်မှ ဆန္ဒပြမှုများအထိ မည်သည့်နည်းနှင့်မဆို ထုတ်ဖော်ပြောဆိုနိုင်သည်။
- နယ်နိမိတ်အကန့်အသတ်များကို ကျော်လွန်၍ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင်သည်။

## အဆင့်သုံးဆင့် ဆန်းစစ်ချက်

နိုင်ငံတကာဥပဒေအရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အလွန်ကျဉ်းမြောင်းသောအခြေအနေများတွင် ကန့်သတ်နိုင်ပါသည်။ ဤအလားအလာမျိုးကို (ယင်းကန့်သတ်နိုင်သည့်အခြေအနေကို) အစိုးရမှ အသုံးပြုလာခြင်းအား ကာကွယ်ရန် နိုင်ငံတကာဥပဒေတွင် တိကျသော စည်းကမ်းတစ်ရပ် ရှိပါသည်။ အဆင့်သုံးဆင့် ဆန်းစစ်ချက်ဟုခေါ်သော အဆိုပါ စည်းကမ်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မှုနှင့်ပတ်သက်၍ အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည် -

၁ ။ ထင်ရှားတိကျသော ဥပဒေတစ်ရပ်ရှိပါလျှင် ကန့်သတ်နိုင်မည်ဖြစ်ပြီး ပြည်သူ့ဝန်ထမ်းအရာရှိများက ၎င်းတို့စိတ်တိုင်းကျ တားဆီးဖြတ်တောက်ပိုင်ခွင့်မရှိပါ။

၂ ။ တစ်ပါးသူ၏ အခွင့်အရေး(သို့မဟုတ်)ဂုဏ်သိက္ခာ(သို့မဟုတ်) နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူလူထုလုံခြုံရေး၊ ပြည်သူ့ကျန်းမာရေး (သို့မဟုတ်) ပြည်သူ့ကိုယ်ကျင့်တရားကို ကာကွယ်ရန် ဟူသော ရည်ရွယ်ချက်များဖြင့်သာ ကန့်သတ်နိုင်သည်။[၁၁] လက်ခံနိုင်သည့် အခြားရည်ရွယ်ချက် မရှိပါ။

၃ ။ ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း အရေးပေါ် ဖြေရှင်းရန် ပေါ်ပေါက်လာသည့် လိုအပ်ချက် အတွက်သာ ကန့်သတ်နိုင်သည်။ ထို့အပြင် ယင်းသို့ကန့်သတ်ရာတွင်လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခြင်းကြောင့် ထိခိုက်နိုင်ချေရှိသည့် ထိခိုက် နစ်နာမှု နှင့် အချိုးညီသော ကန့်သတ်ချက်ကိုသာပြုလုပ်ရ မည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ အသရေဖျက်ခြင်းဆိုင်ရာ ဥပဒေ အများစုသည် ယင်းအဆင့်သုံးဆင့် ဆန်းစစ်ချက်ကို ကျော်ဖြတ်ရန် ပျက်ကွက်နေသည်။ ထိုဥပဒေများသည် ရှင်းလင်း ပြတ်သားမှုမရှိဘဲ ဝေဝါးနေရာ၊ ပထမအဆင့် နှင့် ကိုက်ညီရန် ပျက်ကွက်သည်။ အသရေဖျက်ခြင်း ဆိုင်ရာဥပဒေများ တစ်ခုထက်ပို၍ ရှိနေခြင်းမှာ မလိုအပ်သော ထပ်ကာထပ်ကာ ရေးဆွဲခြင်းဖြစ်ပြီး ဒုတိယ အဆင့်ဆန်းစစ်ချက် နှင့် ကိုက်ညီမှုမရှိပေ။ ထောင်ဒဏ်ပြစ်ဒဏ် ပေးထားခြင်းမှာ အချိုးအစား ညီညွတ်ခြင်း မရှိသောကြောင့် တတိယအဆင့် ဆန်းစစ်ချက်နှင့်လည်း ကိုက်ညီခြင်း မရှိဘဲပျက်ကွက်နေပါသည်။[၁၂]**

## The three-part test

According to international law, the right to freedom of expression can be limited in very narrow circumstances. In order to stop governments from misusing these limitations, international law has a very precise rule, called the three-part test, which says that freedom of expression can only be limited if:

1. There is a clear and precise law – public officials cannot just censor as they like.
2. The limitation aims to either protect the rights or reputations of others,[10] or protect national security, public order, public health or morals.[11] There are no other acceptable aims.
3. The limitation is necessary in a democratic society to address a pressing need, and only if the limitation is proportionate to the harm caused.

**Most of Myanmar's defamation laws fail the three-part test. They fail because they are unclear and vague. They fail because having so many laws on defamation is unnecessary duplication. They also fail because the sanction of imprisonment is disproportionate.[12]**

# အသွင်ကူးပြောင်းရေးကာလ ဒီမိုကရေစီစနစ်များတွင် အသရေဖျက်မှု

စွပ်စွဲမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံတစ်ခု၏ အပြုအမူသည် ၎င်းတို့အနေဖြင့် မည်မျှဒီမိုကရေစီဆန်သည်ကို ပြသသော အရေးပါသည့် အညွှန်းကိန်းတစ်ခုလည်းဖြစ်သည်။အာဏာရှင်နိုင်ငံများတွင်သြဇာအာဏာကြီးသူများ နှင့် အစိုးရအား ဝေဖန်သည့် ဝေဖန်မှုများကို ဖိနှိပ်ရန်ရည်ရွယ်သည့် ရှုပ်ထွေးပြီးမရေရာသောရာဇဝတ်မှုဥပဒေမူဘောင်များကိုသာ ကိုင်စွဲထားသည် ။ ဒီမိုကရေစီနိုင်ငံများတွင်မူ အန္တရာယ်ရှိပြီး ၊ ထိခိုက်မှုရှိသော လိမ်ညာမှုများကို တားဆီးရန်အတွက်သာ ကျစ်လစ်သော တရားမမှုဥပဒေဆိုင်ရာ အခြေခံမှုများ ရှိကြသည်။

အောက်ပါဇယားတွင် အာဏာရှင်စနစ်နှင့် ဒီမိုကရေစီစနစ် အခြေအနေများကို နှိုင်းယှဉ်ပြထားပြီး ဒီမိုကရေစီစနစ်များ မည်သည့်အရာကို ရှေးရှုသင့်သည်ကို ဖော်ပြထားသည်။

# Defamation in transitional democracies

The manner in which states deal with allegations of defamation is an important indicator of how democratic they are. Authoritarian states have vague and confusing criminal law frameworks intended to suppress criticism of the government and powerful people. Democratic states have narrow civil law frameworks intended to stop malicious and harmful lies.

The below table compares authoritarian and democratic situations and shows what democracies should be aiming for.

| Start of transition (more authoritarian)<br>အသွင်ကူးပြောင်းမှု အစ (ပိုမို အာဏာရှင်ဆန်) | ➔ | End of transition (more democratic)<br>အသွင်ကူးပြောင်းမှု အဆုံး (ပိုမို ဒီမိုကရေစီဆန်) |
|---|---|---|
| Defamation confused with insult / offending<br>အသရေဖျက်မှုကို ပုတ်ခတ်ဆဲရေး/စော်ကားမှုနှင့် ရောထွေးမှုရှိ။ | ➔ | Defamation is clearly defined<br>အသရေဖျက်မှုကို ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ဆိုမှုရှိ။ |
| No real defences<br>ကာကွယ်ခုခံပိုင်ခွင့် မရှိ။ | ➔ | Defences are clear and evolving<br>ကာကွယ်ခုခံနိုင်သည့် အချက်များ ရှင်းလင်းပြတ်သားပြီး ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်မှုရှိ။ |
| Criminal laws or extreme civil laws<br>ရာဇဝတ်ဥပဒေ (သို့) အလွန်ပြင်းထန်သော တရားမဥပဒေများ ပြဋ္ဌာန်းထား။ | ➔ | Criminal laws rare. Civil laws with proportionate compensation<br>ရာဇဝတ်ဥပဒေအဖြစ် သတ်မှတ်နိုင်ခြေ အလွန်နည်း။ အချိုးအစားညီသော ကုစားမှု (အပြစ်ဒဏ်)သာ ရှိသော တရားမ ဥပဒေသာ ပြဋ္ဌာန်းထား။ |
| Most cases are powerful people versus less powerful<br>အမှုအများစုသည် အာဏာရှိသော သူများနှင့် အာဏာချိနဲ့သော သူများအကြား ဖြစ်လေ့ရှိ။ | ➔ | Prosecutors unlikely to support criminal cases. Courts sceptical of powerful people bringing cases<br>ဥပဒေအရာရှိများက ရာဇတ်မှုများကို အားမပေး။ အာဏာရှိသူများ ဖွင့်သည့် အမှုများကို တရားရုံးက လက်ခံလေ့ မရှိ။ |
| Punishments protect feelings, not reputations<br>အပြစ်ဒဏ်များသည် ဂုဏ်သိက္ခာထက် ခံစားချက်ကို ကာကွယ်ပေး။ | ➔ | Compensation calculated on clearly measured harm<br>သိသာထင်ရှားစွာ တိုင်တာ၍ရသော ထိခိုက်မှုပေါ်မူတည်၍ ကုစားမှု (အပြစ်ဒဏ်) သတ်မှတ်။ |

# မြန်မာနိုင်ငံရှိ အသရေဖျက်မှု

## Defamation in Myanmar

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြန်မာနိုင်ငံ၏အခြေခံဥပဒေတွင် ပုဒ်မ (၆)၊ (၃၅၄) နှင့် (၃၆၅) တို့ဖြင့်အကာအကွယ်ပေးထားသည်။

> **“ပြည်ထောင်စု၏ အခြေခံမူများသည် - (င) : ပြည်ထောင်စုတွင် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း နှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဖြစ်သည်။ - မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆**

ပုဒ်မ (၆) ၏ရည်ညွှန်းချက် “ လွတ်လပ်မှု” ဆိုသည်မှာ လူတိုင်း နှင့် အကျုံးဝင် ထိုက်တန်သော စီးပွားရေးလွတ်လပ်ခွင့်၊ နိုင်ငံရေး လွတ်လပ်ခွင့်၊လူမှုရေးလွတ်လပ်ခွင့်တို့ ပါဝင်နေသည့် နက်ရှိုင်းသောကမ္ဘာလုံးဆိုင်ရာနိုင်ငံရေးမူလဇာစ်မြစ် အသိသညာ တစ်ခုဖြစ်သည်။ ယင်းသည် “လူ့အခွင့်အရေး”၏ အလွန်မကြာသေးသော အယူအဆ သဘောတရား အတွက် သမိုင်းဝင်အခြေခံလည်း ဖြစ်သည်။[၁၃]

လွတ်လပ်ခြင်းကို နိုင်ငံ၏အခြေခံမူအဖြစ် ထည့်သွင်းထားခြင်းက အရေးကြီးသည်။ အကြောင်းမှာ မြန်မာ့ဥပဒေများ၊ မူဝါဒများနှင့်ဆောင်ရွက်ချက်များ အားလုံးသည် လွတ်လပ်ခြင်းကို ပိုမိုထွန်းကားစေမည်ဟူသော သဘောကိုဆိုလိုရာရောက်သောကြောင့်ဖြစ်သည်။ အကယ်၍ ထိုသို့မဟုတ်ခဲ့ပါမူ အခြေခံဥပဒေနှင့်မကိုက်ညီဟု ဆိုရတော့မည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် တရားရုံးများသည် အစိုးရ၏ဥပဒေများ၊ မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိကို တစိတ်တပိုင်းအားဖြင့် ဆန်းစစ်ရန်တည်ရှိ နေကြသည်။ ဥပမာ-အကယ်၍ ဥပဒေတစ်ခုသည်လွတ်လပ်စွာထုတ် ဖော်ပြောဆိုခွင့်ကို ချိုးဖောက်သည်ဆိုလျှင်တရားသူကြီးကဖွဲ့စည်းပုံ အခြေခံဥပဒေပါ လွတ်လပ်ခြင်းဆိုသော အခြေခံမူနှင့်ဆန့်ကျင်သည့် အတွက် ဖွဲ့စည်းပုံဥပဒေနှင့် မကိုက်ညီဟုကြေငြာရမည်။

### ပုဒ်မ ၃၅၄ နှင့် ၃၆၅

မြန်မာ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပုဒ်မ ၃၅၄ နှင့် ၃၆၅ တို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အထူးသဖြင့်ပတ်သက်သည်။ ပုဒ်မ ၃၅၄ က ထုတ်ဖော်ရေးသားပြောဆိုခြင်းနှင့် ဖြန့်ချီရာတွင်လွတ်လပ်မှုကို အထောက်အပံ့ ပြုထားသည်။ ပုဒ်မ ၃၆၅ ကမူ အနုပညာနှင့်စာပေကို လွတ်လပ်စွာ ဖန်တီးလုပ်ဆောင်ခွင့်အား ပြဋ္ဌာန်းသည်။ သို့သော်လည်း “တည်ငြိမ်အေးချမ်းရေး၊” “အမျိုးသားသွေးစည်းညီညွတ်ရေး” နှင့် “လုံခြုံရေး” တို့နှင့်ပတ်သက်ပြီး တိကျမှုမရှိသော ရည်ညွှန်းဖွင့်ဆိုချက်များကြောင့် အထက်ပါပုဒ်မနှစ်ခုလုံးအားနည်းလျက်ရှိသည်။

The right to freedom of expression is protected in the Myanmar Constitution under Articles 6, 354, and 365.

> **“The Union’s consistent objectives are: (e) enhancing the eternal principles of justice, liberty and equality in the Union.”**
>
> **- Article 6 of the Myanmar Constitution**

Article 6 references "liberty", a concept with profound global political origins consisting of the social, political, and economic freedoms to which everyone is entitled - the historical basis for the more recent concept of "human rights".[13]

Including liberty as a basic principle of the state is important because it means that all Myanmar's laws, policies, and actions must enhance freedom. If they do not, then they are "unconstitutional".

In a democracy, courts exist partly to check whether the government's laws, policies, and actions are unconstitutional. For example, if a law violates the right to freedom of expression, a judge should declare it unconstitutional on the basis that it contradicts the constitutional principle of liberty.

### Articles 354 and 365

Articles 354 and 364 of the Myanmar Constitution are more specifically concerned with freedom of expression. Article 354 provides for the liberty to express and publish. Article 365 provides for the right to freely develop literature and arts. However, both are weakened by vague references to "security", "national solidarity", and "tranquillity".

## မြန်မာနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာဥပဒေများ

မြန်မာနိုင်ငံတွင် ဂုဏ်သိက္ခာကို ကာကွယ်ရေးအတွက် တရားဥပဒေအရ ပြဋ္ဌာန်းထားခြင်းများသည် များစွာသော ဥပဒေများတွင် ပါဝင်ထားပြီး ဖြစ်ပါသည်။ ယင်းတို့အနက်မှအားလုံးသည် ကွဲပြားခြားနား ခြင်းများရှိကြသလို ဝိရောဓိဆောင်သည့် သဘောများလည်း တွေ့ ရှိရသည်။[၁၄] အသရေဖျက်ခြင်းသည် ရာဇဝတ်မှုဆိုင်ရာဥပဒေ ၆ မျိုး ၏ ပြဋ္ဌာန်းချက် ၁၁ မျိုးတွင်တွေ့ရသည်။ ယင်းတို့အနက်မှသက်တမ်း အရင့်ဆုံးသည်  ပြစ်မှုဆိုင်ရာ ဥပဒေဖြစ်သည်။ ၎င်းသည် အသရေ ဖျက်ခြင်းကို အဓိပ္ပာယ်ဖွင့်ထားသည့် တစ်ခုတည်းသောဥပဒေဖြစ်ပြီး ခုခံ ကာကွယ်ချက်များလည်း ပါဝင်သည်။ အခြားသော ဥပဒေများ သည် ထိုပြစ်မှုဆိုင်ရာ ဥပဒေပြီးမှ ရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း အ ဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခုခံကာကွယ်ချက်များ မပါဝင်ပါ။

## Myanmar's defamation laws

In Myanmar, legal provisions protecting reputations are included in several laws, all of which are different and potentially conflicting.[14] Defamation falls under 11 provisions in six criminal laws. The oldest of these laws, the Penal Code, is the only law that defines defamation or includes defences. The other laws adopted after the Penal Code include no definitions and no defences.

**မြန်မာနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာဥပဒေများ - Myanmar's defamation laws**

| Law<br>ဥပဒေ | Articles<br>ပုဒ်မ | Adopted and amended<br>စတင်ကျင့်သုံးခြင်းနှင့်ပြင်ဆင်ချက် | Criminal?<br>ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှု | Sanction / remedy<br>ပြစ်ဒဏ် နှင့် သက်သာခွင့် |
|---|---|---|---|---|
| ပြစ်မှုဆိုင်ရာဥပဒေ၊ ရာဇသတ်ကြီး - Penal Code | ၄၉၉-၅၀၂[၁၅]<br>499-502.[15] | ဗြိတိသျှအစိုးရလက်ထက် ၁၈၆၁ခုနှစ် တွင်စတင်ကျင့်သုံးသည်။[၁၆] - Adopted in 1861 under the British government.[16] | ☑ | ထောင်ဒဏ် ၂ နှစ်အထိ နှင့်ငွေဒဏ် - Up to 2 years in prison + fine. |
| အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ - Electronic Transactions Law | ၃၄ (ဃ)[၁၇]<br>34(d).[17] | စစ်အစိုးရလက်ထက် ၂၀၀၄ တွင် စတင်ကျင့်သုံးပြီး ၂၀၁၃ခုနှစ် အရပ် သားတစ်ပိုင်းအစိုးရလက်ထက် တွင်ပြင်ဆင်ခဲ့သည်။ - Adopted in 2004 under the military. Amended in 2013 under the quasi-civilian government. | ☑ | ထောင်ဒဏ် ၃ နှစ်အထိ။ နှင့်ငွေဒဏ် Up to 3 years in prison + fine. |
| ဆက်သွယ်ရေးဥပဒေ - Telecommunications Law | ၆၆(ဃ)[၁၈]<br>66(d).[18] | အရပ်သားတစ်ပိုင်းအစိုးရလက်ထက် ၂၀၁၃ခုနှစ်တွင်စတင်ကျင့်သုံးပြီး ၂၀၁၇ခုနှစ် NLDအစိုးရ လက် ထက်တွင်ပြင်ဆင်ခဲ့သည်။ - Adopted in 2013 under the quasi-civilian government. Amended in 2017 under the NLD. | ☑ | ထောင်ဒဏ် ၂ နှစ်အထိ နှင့်ငွေဒဏ် - Up to 2 years in prison + fine. |
| အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ဥပဒေ - Anti-corruption Law | ၄၆<br>46 | အရပ်သားတစ်ပိုင်းအစိုးရလက်ထက် ၂၀၁၃ခုနှစ်တွင်စတင်ကျင့်သုံးပြီး ၂၀၁၈ခုနှစ် NLDအစိုးရ လက် ထက်တွင်ပြင်ဆင်ခဲ့သည်။ - Adopted in 2013 under the quasi-civlian government. Amended in 2018 under the NLD. | ☑ | ထောင်ဒဏ် ၃ နှစ်အထိ။ နှင့်ငွေဒဏ် Up to 3 years in prison + fine. |
| သတင်းမီဒီယာဥပဒေ - News Media Law | ၉(က၊ခ၊ဆ)၊ ၂၅ နှင့် ၃၀[၁၉]<br>9(a, b, g), 25, 30.[19] | ၂၀၁၄ခုနှစ် အရပ်သားတစ်ပိုင်းအစိုးရလက်ထက်တွင် စတင်ကျင့်သုံးသည်။ - Adopted in 2014 under the quasi-civilian government. | ☑ | ငွေဒဏ်ကျပ်- ၁,၀၀၀,၀၀၀ အထိ Up to 1,000,000 Kyat fine. |
| နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ - Law Protecting the Security and Privacy of Citizens | ပုဒ်မ-၈(စ) နှင့် (၁၀)[၂၀]<br>Articles 8(f) and 10.[20] | NLD အစိုးရလက်ထက် ၂၀၁၇ ခုနှစ်တွင်စတင်ကျင့်သုံးသည် - Adopted in 2017 under the NLD government. | ☑ | ထောင်ဒဏ် ၃ နှစ်အထိ။ နှင့်ငွေဒဏ် Up to 3 years in prison + fine. |

## နိုင်ငံတကာ အခြေခံစံနှုန်းများနှင့် ကိုက်ညီမှု

မြန်မာနိုင်ငံ၏ မည်သည့်အသရေဖျက်ခြင်းဆိုင်ရာဥပဒေကမျှ နိုင်ငံတကာရှိ အခြေခံအကျဆုံးသော စံနှုန်းများနှင့် ကိုက်ညီမှုမရှိပေ။ သက်တမ်းအရင့်ဆုံးဥပဒေဖြစ်သော ရာဇသတ်ကြီးဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ) တွင် ကိုက်ညီမှု အနည်းငယ်ရှိသော်လည်း အနည်းအကျဉ်းမျှသာ ဖြစ်လေသည်။

## Conformity to basic international standards

None of Myanmar's defamation laws conform to even the most basic of international standards. The oldest law, the Penal Code, has some conformity, but only to a very limited extent.

**မြန်မာနိုင်ငံဥပဒေများနှင့်နိုင်ငံတကာအခြေခံစံနှုန်းများကိုနှိုင်းယှဉ်လေ့လာခြင်း - Myanmar laws compared to international standards**

| နိုင်ငံတကာစံနှုန်း International standard | ပြစ်မှုဆိုင်ရာဥပဒေ Penal Code | အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ Electronic Transactions Law | ဆက်သွယ်ရေးဥပဒေ Telecommunications Law | အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဥပဒေ Anti-corruption Law | သတင်းမီဒီယာဥပဒေ News Media Law | နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ Law Protecting the Security and Privacy of Citizens |
|---|---|---|---|---|---|---|
| **အဓိပ္ပာယ်ဖွင့်ဆိုချက် - Definition** | | | | | | |
| အသရေဖျက်မှုကိုအဓိပ္ပာယ်ဖွင့်ဆိုထားသည်။ - Defamation is defined | ☑ | ☒ | ☒ | ☒ | ☒ | ☒ |
| **နယ်ပယ်ကျယ်ဝန်းမှု - Scope** | | | | | | |
| ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများသည် တရားစွဲဆိုခြင်းမပြုနိုင်ပါ - Public bodies are not able to bring suits | ☒ | ☒ | ☒ | ☒ | ☒ | ☒ |
| ပြည်သူ့ဝန်ထမ်းအရာရှိများနှင့်နိုင်ငံရေးသမားများသည် ဝေဖန်မှုအားပိုမိုသည်းခံရမည် - Public officials and politicians must tolerate greater criticism | ☒ | ☒ | ☒ | ☒ | ☒ | ☒ |
| **ထုချေကာကွယ်ခြင်း - Defences** | | | | | | |
| အမှန်တရားသည် ပြီးပြည့်စုံသော ခုခံကာကွယ်မှု ဖြစ်သည် - Truth is an absolute defence | ☑/☒ [21] | ☒ | ☒ | ☑/☒ | ☒ | ☒ |
| အမြင်သဘောထားအယူအဆများသည် ပြည့်စုံသောခုခံကာကွယ်မှု ဖြစ်သည် - Opinion is an absolute defence | ☑/☒ | ☒ | ☒ | ☒ | ☒ | ☒ |
| ကျိုးကြောင်းဆီလျော်သော ထုတ်ပြန်ကြေညာခြင်းသည် ခုခံကာကွယ်မှု ဖြစ်သည် - Reasonable publication is a defence | ☑/☒ | ☒ | ☒ | ☒ | ☒ | ☒ |
| **ပြစ်ဒဏ်များနှင့် ကုစားပြင်ဆင်ခွင့်များ - Sanctions and remedies** | | | | | | |
| ရာဇဝတ်မှုမဟုတ်သည့် တရားမမှုဆိုင်ရာဥပဒေ - Civil law, not criminal law | ☒ | ☒ | ☒ | ☒ | ☒ | ☒ |
| ထောင်ဒဏ်ကို လက်မခံ (သို့မဟုတ်) မကျင့်သုံး - Imprisonment not allowed or used | ☒ | ☒ | ☒ | ☒ | ☑ | ☒ |

## လက်တွေ့အသုံးပြုနေသော မြန်မာ့အသရေဖျက်မှုဆိုင်ရာဥပဒေများ

တရားရုံးများတွင် မြန်မာ့အသရေဖျက်ခြင်းဥပဒေကို အသုံးချခြင်းက ၎င်းတို့သည် နိုင်ငံတကာ၏ အခြေခံအကျဆုံးသောစံနှုန်းများကိုပင်လျှင် လိုက်နာမှုမရှိကြောင်း သရုပ်ဖော်နေခြင်း ဖြစ်သည်။ အထူးသဖြင့် စီရင်ချက်ဥပဒေများသည် မြန်မာ့အသရေဖျက်ခြင်းဥပဒေများနှင့် ယင်းတို့ အား အသုံးပြုပုံများကို ပြသပြီးဖြစ်သည်။၂၂

### ... ဂုဏ်သိက္ခာထက် ခံစားချက်ကိုကာကွယ်ခြင်း ...

မြန်မာနိုင်ငံ၏ အသရေဖျက်ခြင်းဆိုင်ရာ ဥပဒေများသည် အချက်အလက် အခိုင်အမာပြောဆိုခြင်းထက် အမြင်အယူအဆ ထုတ်ဖော်ခြင်းများကို သာ ပြစ်ဒဏ်ပေးလေ့ရှိသည်။ ထိုကဲ့သို့သော ထင်မြင်ယူဆချက်သဘောထားများကို "ထိခိုက်စေသော အကြောင်းအရာ" ဟုခေါင်းစဉ်တပ်ထားပြီး၊ တရားခံမှ ခုခံငြင်းခုန်တင်ပြရန် အင်အားမရှိနိုင်သည့်စိတ်ခံစားချက်ဆန်သောစံသတ်မှတ်ချက်များဖြင့်"သက်သေပြခြင်း" ကို ချိုးနှိမ်ထားသည်။

### ... ထုချေချက်များကိုလစ်လျူရှုခြင်း ...

ရာဇသတ်ကြီး ပြဋ္ဌာန်းချက်တွင်ပါဝင်သော ကန့်သတ်ထားသည့် ထုချေချက်များပင်လျှင် တစ်ခါတစ်ရံတွင် လစ်လျူရှုခြင်းခံရသည်။ ထို့ကြောင့် တရားခံသည် ထိရောက်၍အဓိကကျသော လျှောက်လဲချက်များထက် သက်သေများ၏အရည်အသွေးနှင့် အရည်အချင်းကဲ့သို့သောတရားစွဲဆိုမှု၏ လုပ်ထုံးလုပ်နည်းအမှားကိုသာထောက်ပြမှီခိုနေရတော့သည်။

### ... ပြည်သူ့ဝန်ထမ်းအရာရှိများနှင့် နိုင်ငံရေးသမားအပေါ်ဝေဖန်ခြင်းအား ပြစ်ဒဏ်ပေးခြင်း ...

ပြည်သူ့ဝန်ထမ်းအရာရှိများ၊ နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ စစ်တပ်နှင့် စီးပွားရေး လုပ်ငန်းရှင်ကြီးများ အပါအဝင် ဩဇာအာဏာရှိသူများအား ဝေဖန်ထောက်ပြသည့် လူများကို တရားစွဲဆိုရန် အစိုးရရှေ့နေနှင့် ရဲများက ပံ့ပိုးကူညီကြသည်။ ဒီမိုကရေစီဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရကသော်လည်းကောင်း၊ တရားစီရင်ရေးကသော်လည်းကောင်း ဩဇာအာဏာရှိသူများအနေဖြင့် ကြီးမားသည့် ဝေဖန်မှုများအပေါ် သည်းခံစိတ်မွေးရန် တိုက်တွန်းခြင်းမပြုကြပေ။

### ... နှောင့်နှေးကြန့်ကြာမှု ...

တရားရုံးတင်စစ်ဆေးခြင်းမတိုင်ခင်နှင့် စစ်ဆေးနေစဉ်နှစ်ခုလုံးတွင် အမှုဖြစ်စဉ်တိုးတက်မှုသည် အလွန်နှေးကွေးသည့်အပြင်

## Myanmar's defamation laws in practice

The application of Myanmar's defamation laws in courts has further demonstrated that they do not conform with even the most basic of international standards. In particular, case law has shown that Myanmar's defamation laws and their application:[22]

### ...protect feelings rather than reputations...

Myanmar's defamation laws have been used to punish statements of opinion rather than assertions of fact. Such opinions have been labelled "offensive" and attacks "proven" simply through subjective criteria against which defendants are powerless to dispute.

### ...ignore defences...

Even the limited defences included in the Penal Code provisions on defamation have sometimes been overlooked. As a result, defendants often rely on highlighting the prosecution's procedural mistakes such as the quality and quantity of evidence rather than focusing arguments on substantive defences.

### ...punish criticism of public officials and politicians...

Powerful people, including public officials, politicians, religious leaders, military, and business leaders are supported by prosecutors and the police to bring suits against those who criticise them. Neither the government nor the judiciary encourage such powerful people to tolerate greater criticism in the interests of democracy.

### ...delay...

Cases progress in an extremely slow and burdensome manner both before and during court trials, resulting in significant damage to the defendant's financial and mental health.

### ...always apply punitive sanctions...

Verdicts are usually made in favour of the complainant and result in highly punitive criminal sanctions for the defendant. Although the law provides for both fines and imprisonment, courts choose the harsher sentence.

ဝန်ထုပ်ဝန်ပိုးဖြစ်ရပြီး စွပ်စွဲခံရသူ၏ ဘဏ္ဍာရေးနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို သိသာထင်ရှားစွာ ထိခိုက်စေသည်။

### ... သည် ... ပြင်းထန်သော အပြစ်ဒဏ်ခတ်ခြင်းကိုသာ အမြဲတစေ ပြုလေ့ရှိသည် ...

စီရင်ချက်များသည် အမြဲလိုလို တရားစွဲဆိုသူ (တရားလို)ဘက်ကိုသာ အလေးသာလေ့ရှိပြီး တရားစွဲခံရသူအပေါ် ပြင်းထန်သော ရာဇဝတ်ပြစ်ဒဏ်များ ချမှတ်လေ့ရှိသည်။ ဥပဒေက ငွေဒဏ်နှင့် ထောင်ဒဏ်နှစ်ရပ်စလုံးကို ပြဋ္ဌာန်းထားသော်လည်း တရားရုံးများက ပိုမိုပြင်းထန်သည့် အပြစ်ဒဏ်ကိုသာ ရွေးချယ်ကြသည်။

### ... လွတ်လပ်စွာတရားစီရင်ခြင်းနှင့် ဒီမိုကရေစီကူးပြောင်းရေး ကာလကို ထင်ဟပ်စဉ်းစားသည့်အရိပ်အယောင်လုံးဝမရှိ

ဒီမိုကရေစီ ကူးပြောင်းရေးကာလအတွင်း တရားရုံးများ၏ အခန်းကဏ္ဍအပြောင်းအလဲစတင်ခြင်း၏ အထောက်အထားမှာ စိုးစဉ်းမျှသာရှိသည်။ ဥပမာ- တရားရုံးများသည် ဖွဲ့စည်းပုံဥပဒေသစ်က ပြဋ္ဌာန်းပေးထားသော လွတ်လပ်မှုစည်းမျဉ်းဥပဒေသကဲ့သို့ လူ့အခွင့်အရေးများနှင့် ယခင်အာဏာရှင် အစိုးရလက်ထက်ကတည်းကရှိခဲ့သည့် ရှေးကျသည့်ဥပဒေများ၊စီရင်ထုံးများ၏ လိုက်ဖက်ညီမှုကို ထင်ဟပ် စဉ်းစားပုံမရပေ။

### ...and show no signs of reflecting the transition to democracy and judicial independence

There is little evidence that courts have begun to shift their role during the transition to democracy. For example, courts do not seem to reflect upon the compatibility of past laws and precedents set under previous authoritarian governments, in light of the rights provided for in the new constitution, such as the principle of liberty.

## ဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ကွာဟချက်များ

မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်သည် တရားစွဲဆိုသူ (တရားလို) ဘက်ကိုသာ သိသိသာသာ အလေးပေးထား သလို ဥပဒေအရ ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ နည်းဗျူဟာများမှာလည်း အားနည်းလျက်ရှိသည်။ ရှေ့နေအများအပြားသည် ၎င်းတို့ အမှုသည်များအတွက် ကာကွယ်ခုခံရန်(ထုချေရန်) အသရေဖျက်မှုဆိုင်ရာ ဥပဒေများ (သို့) လူ့အခွင့်အရေးအခြေပြု မဟာဗျူဟာများကို နှံ့စပ်မှုရှိမနေဘဲ ၎င်းတို့၏ အမှုသည်သည် တစ်ဖက်ကစွပ်စွဲထားသည့် အသရေဖျက်သည်ဆိုသော ထုတ်ဖော်ပြောဆိုချက်ကို မပြုလုပ်ခဲ့ကြောင်း ငြင်းဆိုချေပသည့် နည်းဗျူဟာကိုသာ သုံးစွဲနေသည်။ အောက်တွင် ဖော်ပြထားသော ဗျူဟာများသည် မြန်မာနိုင်ငံတွင် အသုံးမပြုရသေးသည့် များစွာအသုံးဝင်သော ဥပဒေဆိုင်ရာ နည်းဗျူဟာများ ဖြစ်သည်။ နည်းဗျူဟာတိုင်းသည် မြန်မာနိုင်ငံနှင့် တရားဥပဒေစနစ် တူသည့် အခြားနိုင်ငံများတွင် လူသိများအသုံးဝင်သော ဥပဒေဆိုင်ရာ နည်းဗျူဟာများ ဖြစ်သည်။

## Gaps in legal defence

Although Myanmar's legal framework clearly favours the complainant, legal defence strategies are also weak. Many lawyers are unfamiliar with defamation laws or using rights-based legal strategies to defend their clients and rely only on a strategy of arguing that the defendant did not make the allegedly defamatory statement. Below are several useful but in Myanmar largely unused legal strategies, each of which is a common legal strategy in countries with similar legal systems.

### Proving every element of the crime

Penal Code Article 499 defines defamation as containing five elements. A prosecutor should prove each of these five elements beyond a reasonable doubt in order to secure a conviction. One defence strategy is therefore to cast doubt on any of these elements:

## ပြစ်မှု၏ အစိတ်အပိုင်းတစ်ခုစီတိုင်းကို သက်သေပြခြင်း

ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၄၉၉ တွင် အသရေဖျက်ခြင်းကို အပိုင်းငါးပိုင်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဥပဒေအရာရှိတစ်ဦးသည် တစ်စုံတစ်ယောက် ပြစ်မှုထင်ရှားကြောင်း အခိုင်အမာပြနိုင်ရန်အတွက် ကြောင်းကျိုးဆီလျော်သော သံသယဆိုသည်ထက်ပို၍ ထိုအပိုင်းငါးပိုင်းကို သက်သေပြသင့်သည် (သက်သေပြနိုင်ရမည်)။ ထိုမှသာ ကာကွယ်ခုခံမှု ဗျူဟာတစ်ခုဖြစ်သည့် ထိုအပိုင်းငါးပိုင်းကို သံသယဖြင့် မေးခွန်းထုတ်ရမည် ဖြစ်သည် -

- "မည်သူမဆို..." - တရားစွဲခံရသူသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဖြစ်ရမည်။
- "...နှုတ်ဖြင့်ဖြစ်စေ၊ ဖတ်ရှုစေရန် ကြံရွယ်သည့်စကားဖြင့် ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဍာန်ဖြင့်ဖြစ်စေ..." - တရားစွဲခံရသူသည် ၎င်း၏ ထုတ်ဖော်ပြောဆိုပြသချက်ကို အခြားသူများကို သိစေမြင်စေလို၊ မျှဝေလိုသော ရည်ရွယ်ချက် ရှိရမည်။
- "...ကြေညာလျှင်..." - တရားစွဲခံရသူသည် ထုတ်ဖော်ပြောဆိုပြသချက်ကို နောက်ထပ်ပြင်ပလူ (ဤကိစ္စနှင့်မသက်ဆိုင်သော ပြင်ပလူ)များ သိအောင်လည်း ပြုလုပ်ခဲ့ပြီး ဖြစ်ရမည်။
- "...မည်သူနှင့်မဆို သက်ဆိုင်သည့် မည်သည့် စွပ်စွဲပြောဆိုချက်မဆို..." - ထုတ်ဖော်ပြောဆိုပြသချက်၌ စွပ်စွဲချက်ပါဝင်ရမည်၊ စွပ်စွဲချက်သည် လူတစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားနှင့် သက်ဆိုင်ရမည်။
- "... လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာစေရန် အကြံဖြင့်သော်လည်းကောင်း၊ ထိုသူနှင့် စပ်လျဉ်းသော စွပ်စွဲခြင်းသည် ထိုသူ၏ အသရေကို ထိခိုက်စေမည်ဟု သိလျက်နှင့်သော်လည်းကောင်း၊ ထိုသို့ယုံကြည်ရန် အကြောင်းရှိလျက်နှင့်သော် လည်းကောင်း" - တရားစွဲခံရသူသည် နစ်နာစေလိုသည့် ရည်ရွယ်ချက်ရှိရမည် (သို့) ၎င်း၏ ထုတ်ဖော်ပြောဆိုပြသချက်သည် (တစ်ဖက်သားကို) နစ်နာစေလိမ့်မည်ကို သိပြီးသား ဖြစ်ရမည်။

## ခြွင်းချက်ကို အသုံးပြုခြင်း

အသရေဖျက်မှုဖြင့် စွပ်စွဲခံရပါက ကာကွယ်ခုခံပိုင်ခွင့်များကို ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံရှိ အသရေဖျက်မှုဆိုင်ရာ ဥပဒေခြောက်ခုမှ မည်သည့်ဥပဒေအတွက်ဆို ထိုကာကွယ်ခုခံပိုင်ခွင့်များကို အသုံးပြုနိုင်သည်။ ဥပမာအနေဖြင့်၊ ထုတ်ဖော်ပြောဆိုပြသချက်သည် မှန်ကန်ပြီး အများပြည်သူအတွက် အကျိုးရှိသည်ဆိုသော အချက်ဖြင့် ကာကွယ်ခုခံနိုင်သည် (ပုဒ်မ ၄၉၉)၊ သို့မဟုတ် ထုတ်ဖော်ပြောဆိုပြချက်၏ သက်ရောက်မှုသည် ထိခိုက်နစ်နာမှု

- "Whoever…": The defendant must be an individual person.
- "…by words either spoken or intended to be read, or by signs or by visible representations…": The defendant must have intended for the content to be shared with others.
- "…makes of publishes…": The defendant must have actively shared the content with third parties.
- "…any imputation concerning any person…": The content must include an allegation and it must relate either to an individual or an association's business.
- "…intending to harm, or knowing or having reason to believe that such imputation will harm, the reputation of such person.": The defendant must have intended to harm or known the content would harm.

## Using exceptions

The Penal Code includes exceptions which are defences against allegations of defamation. A defence strategy could use these exceptions under any of Myanmar's six defamation laws. For example, the defence can show that the content is both true and in the public good (Article 499). Or that the harm was slight (Article 95).

## Constitutionalism

Defence lawyers could challenge the entire defamation framework. Myanmar's 2008 Constitution includes a right to dispute the constitutionality of defamation laws and their application (Article 323). It also provides protection of rights included in the Constitution (Articles 18c, 296, 378). A defence strategy could argue that defamation laws and their application are unconstitutional because they unreasonably restrict freedom of expression (Articles 6, 354, 365). Another defence strategy could be to obtain a writ from the Supreme Court to quash a court decision.

အားနည်းသည်။ (ပုဒ်မ ၉၅)

## ဖွဲ့စည်းပုံအခြေခံဥပဒေအခြေတည်ဝါဒ

တရားစွဲခံရသူဘက်မှ ရှေ့နေသည် အသရေဖျက်မှုဆိုင်ရာ ဥပဒေမူဘောင်တစ်ခုလုံးကို မေးခွန်းထုတ်စိန်ခေါ် နိုင်သည်။ အသရေဖျက်မှုဆိုင်ရာ ဥပဒေများ ဖွဲ့စည်းပုံအခြေခံပေါ် အခြေတည်ခြင်းရှိမရှိနှင့် ယင်းဥပဒေများကို အသုံးချနေမှုကို ငြင်းချက်ထုတ်ပိုင်ခွင့်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသည် (ပုဒ် ၃၂၃)။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ရပိုင်ခွင့်/ အခွင့်အရေးများကို ကာကွယ်ပေးရမည်ဟုလည်း ဖော်ပြထားသည် (ပုဒ်မ ၁၈(ဂ)၊ ၂၉၆၊ ၃၇၈)။ နောက်တစ်နည်းအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကြောင်းအကျိုးဆီလျော်မှုမရှိဘဲ ဖိနှိပ်နေခြင်းမှာ အသရေဖျက်မှုဆိုင်ရာ ဥပဒေများ နှင့် ယင်းဥပဒေများကို အသုံးချနေပုံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီကြောင်းကိုလည်း ကာကွယ်ခုခံပိုင်ခွင့် ဗျူဟာ တစ်ခုအနေဖြင့် ငြင်းဆိုချက် ထုတ်နိုင်သည် (ပုဒ်မ ၆၊ ၃၅၄၊ ၃၆၅)။ နောက်ထပ် ကာကွယ် ခုခံမှု ဗျူဟာတစ်ခုမှာ တရားရုံး၏ စီရင်ချက်ကို ပယ်ဖျက်ရန် အလို့ငှာ တရားရုံးလွှတ်တော်ချုပ်ထံ စာချွန်တော် လျှောက်ထားနိုင်ခြင်း ဖြစ်သည်။

## ရေးနိုးလ် ကာကွယ်ခုခံမှု

"ရေးနိုးလ် ကာကွယ်ခုခံမှု" ဆိုသည်မှာ တရားသူကြီး လော့ဒ်နစ်ကောလ်စ်က ၁၉၉၉ ခုနှစ် အင်္ဂလိပ် အမှုစီရင်ချက်တစ်ခု၌ စတင်ဖန်တီးခဲ့သော ကာကွယ်ခုခံမှု ဖြစ်သည်။ ယင်းစီရင်ချက်တွင် တရားသူကြီးက သတင်းစာ၌ ဖော်ပြထားသော သတင်းတစ်ပုဒ်သည် မှားယွင်းနေစေကာမူ ယင်းသတင်းစာအနေဖြင့် အပြုသဘောဆောင်ကာ (ချင့်ချိန်၍) လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါက အသရေဖျက်မှုအတွက် မထိုက်သင့်ဟု ဆုံးဖြတ်သည်။ "ရေးနိုးလ် ကာကွယ်ခုခံမှု"သည် အင်္ဂလိပ်တရားခွင်တွင် ပေါ်ပေါက် ခဲ့သော်လည်း ထိုခုခံမှု၏ ခြေခြေမြစ်မြစ်ရှိသော ငြင်းဆိုချက်ကို တရားစွဲခံရသူဘက်မှ ရှေ့နေများအနေဖြင့် ဗျူဟာဖော်ဆောင်ရာတွင် အသုံးပြုနိုင်သည်။ တရားသူကြီး လော့ဒ်နစ်ကောလ်စ် ပြောကြားခဲ့သည့် သတင်းစာများအနေဖြင့် ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖော်ထုတ်ပြသနိုင်သည့် နည်းလမ်းများမှာ -

- သတင်းအချက်အလက်၏ အရေးပါမှုကို ၎င်းတို့၏ ဆုံးဖြတ်ချက်ချမှုအပိုင်းတွင် ထင်ဟပ်ပြသခြင်း။
- အများပြည်သူအကျိုးစီးပွားကို သတင်းအချက်အလက်တွင် ထုတ်ဖော်ပြသခြင်း။
- ယုံကြည်စိတ်ချရသော သတင်းအချက်အလက်အရင်းအမြစ်ကို အသုံးပြုခြင်း။
- သတင်းအချက်အလက်ကို စစ်ဆေးအတည်ပြုရန် နည်းလမ်းအဆင့်များ ထားရှိခြင်း။

## The Reynolds defence

The "Reynolds defence" was created by Justice Lord Nicholls in a 1999 English judgement in which he decided that newspapers cannot be held liable for defamation if they have behaved responsibly, even if the information published later turns out to be false. Although the "Reynolds defence" was created in an English court, its substantive argument could be used in legal strategising by defence lawyers. Justice Lord Nicholls said that newspapers can demonstrate responsibility by:

- Reflecting the seriousness of the information in their decision-making
- Showing the public interest in the information
- Using reliable sources of information
- Taking steps to verify that information
- Showing the urgency of sharing the information
- Asking alleged persons for comment
- Publishing alleged persons' comments
- Using the right tone in sharing the information
- Honest timing of the publication.

- သတင်းအချက်အလက်ကို မျှဝေရသည့် အချိန်နှင့်အမျှအရေးကြီးမှုကို ဖော်ပြခြင်း။
- စွပ်စွဲခံရသူဘက်ကို မှတ်ချက်တောင်းခံခြင်း။
- စွပ်စွဲခံရသူ၏ မှတ်ချက်ကို ထုတ်ဖော်ရေးသားခြင်း။
- သတင်းအချက်အလက်ကို မျှဝေရာတွင် မှန်ကန်သော တင်ပြပုံကို အသုံးပြုခြင်း။
- သတင်းထုတ်ဖော်တင်ပြရာတွင် အချိန်ကိုက် မှန်ကန်စွာ တင်ပြခြင်း။

# အခြားနိုင်ငံများ၏ အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

## Other countries' defamation reforms

ဒီမိုကရက်တစ်နိုင်ငံများနှင့် အသွင်ကူးပြောင်းနေသော နိုင်ငံများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန် အသရေဖျက်မှု ဥပဒေများကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်လာခဲ့ကြသည်။ နိုင်ငံတစ်ခုချင်းစီ၏ အဖြစ်အပျက်တိုင်းသည် မြန်မာနိုင်ငံ၏ အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် သင်ခန်းစာ ဖြစ်နိုင်ပါသည်။ အောက်ပါနိုင်ငံများသည် မြန်မာနိုင်ငံနှင့် အလွန်နီးစပ်သော common law စနစ် (တရားသူကြီးနှင့် တရားရုံးများ၏ ဆုံးဖြတ်ချက်ကို အခြေခံဖြစ်ပေါ်လာသော ဥပဒေစနစ် (သို့) အင်္ဂလိပ်ရိုးရာ ဥပဒေစနစ်)နှင့် ကိုလိုနီ ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာဥပဒေ)ကို ကျင့်သုံးနေသည့်အတွက် ယင်းနိုင်ငံများ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် များစွာ လှုံ့ဆော်မှု ဖြစ်စေနိုင်ပါသည်။

### သီရိလင်္ကာ

၁၉၉၈ တွင် သီရိလင်္ကာအစိုးရသည် ကြီးထွားလာသော ပဋိပက္ခများအပေါ် ၎င်းတို့၏ တုံ့ပြန်ဆောင်ရွက်မှုများ အပါအဝင် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို လူမသိစေရန် မီဒီယာဆင်ဆာစနစ် တစ်ကျော့ပြန် ကျင့်သုံးခဲ့သလို ဂျာနယ်လစ်နှင့် လူ့အခွင့်အရေး ကာကွယ်သူများကို ပိုမို တရားစွဲခဲ့သည်။ နှစ်နှစ်အကြာတွင် အသရေဖျက်မှုဖြင့် အမှု ၁၁ မှုရင်ဆိုင်နေရသော သီရိလင်္ကာသတင်းစာအယ်ဒီတာတစ်ဦးက ကုလသမဂ္ဂထံ အကူအညီ လျှောက်ထားခဲ့ရာမှ နိုင်ငံတကာအသိုင်းအဝိုင်းက သီရိလင်္ကာအစိုးရသည် ဝေဖန်မှုများကို ဖိနှိပ်ထိန်းချုပ်ရန် အသရေဖျက်မှုဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် အလွဲသုံးစားလုပ်နေသည်ကို အာရုံစိုက်မိလာကြသည်။

၂၀၀၁ ခုနှစ် ရွေးကောက်ပွဲတွင် သီရိလင်္ကာပြည်သူများက နိုင်ငံ၏ ဒီမိုကရေစီကျဆင်းနေမှုကို ပြန်လည်မြှင့်တင်မည်ဟု ကတိပေးခဲ့သည့် အစိုးရသစ်တစ်ရပ်ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ အစိုးရသစ်သည် တစ်နှစ်အတွင်းပင် အသရေဖျက်မှု ဥပဒေများကို ရာဇဝတ်မှုမှ တရားမမှုအဖြစ် ပြောင်းလဲကာ ၎င်းတို့သည် ယခင် အာဏာရှင်နှင့် မတူကြောင်း ပြသခဲ့သည်။ သီရိလင်္ကာနိုင်ငံ၏ အသရေဖျက်မှုဥပဒေများသည် လက်ရှိအချိန်တွင် တရားမမှုဥပဒေများသာ ဖြစ်သည်။

### ယူကေ

ဒီမိုကရေစီစနစ် ရင့်ကျက်ခိုင်မာနေပြီး ဖြစ်သော Advanced

Many democratic and transitional countries have reformed their defamation laws in order to protect freedom of expression. Each can provide lessons for defamation reform in Myanmar. Reform processes in the following countries are particularly inspirational because they share with Myanmar very similar common law systems and similar colonial penal codes.

### Sri Lanka

In 1998, the Sri Lankan government re-imposed media censorship and increased prosecutions of journalists and human rights defenders in order to cover up what the government was doing, including in its response to growing conflict. Two years later, a Sri Lankan newspaper editor who was facing 11 defamation charges appealed to the UN, raising international attention to the government's widespread misuse of defamation laws to stifle criticism.

In 2001 elections, the Sri Lankan people voted in a new government which promised to reverse the country's democratic decline. Within a year the new government had completely decriminalised defamation laws to show everyone that they were different from previous dictators. Sri Lanka only has civil defamation laws now.

### United Kingdom

Many advanced democracies still have old criminal defamation provisions in their laws. However, in practice they are rarely or never used because their people no longer accept the idea of criminalising defamation. For example, the UK had criminal defamation provisions until 2013 but the provisions had not been used for 30 years.

democracies နိုင်ငံများ၏ ဥပဒေများတွင် အသရေဖျက်မှုကို ရာဇဝတ်မှုဖြင့်သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များရှိသည်။ သို့သော် ထိုနိုင်ငံများရှိပြည်သူများက အသရေဖျက်မှုကို ရာဇဝတ်မှုပြုသည့် အတွေးအခေါ်ကို လက်မခံသည့်အတွက် ထိုဥပဒေများကို လွန်စွာသုံးခဲသည် (သို့မဟုတ်) တစ်ခါမှ မသုံးစွဲပေ။ ဥပမာဆို ရသော် ယူကေသည် ၂၀၁၃ ခုနှစ်မှသာ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် မသတ်မှတ်တော့သော်လည်း ယင်း မတိုင်မီ နှစ်ပေါင်း ၃၀ ကတည်းက အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည့် ပြဋ္ဌာန်းချက်များကို အသုံးပြုခြင်း မရှိခဲ့ပေ။

အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းချက်များကို အထူးသဖြင့် ပါဝါရှိသော စီးပွားရေးလုပ်ငန်းရှင်များက တလွဲသုံးနေကြောင်း အစီရင်ခံစာများစွာ ထွက်ပေါ် ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် အသရေဖျက်မှု ပြုပြင် ပြောင်းလဲရေး  လူထုကမ်ပိန်းတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ယူကေ၏ ရာဇဝတ်သင့်သော အသရေဖျက်မှုဥပဒေကို အသုံးမပြုသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သော်လည်း ခြိမ်းခြောက်မှုအလားအလာရှိသည့်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ဥပဒေက ပေးထားလျက် ဥပဒေကပင် ပြန်လည်ခြိမ်းခြောက်နေသောအရာ (Chilling Effect) ဖြစ်နေသည့်သဖြင့် ကမ်ပိန်းလုပ်ဆောင်သူများက ရာဇဝတ်မှုအဖြစ်မှ အပြည့်အဝ ရုတ်သိမ်းခြင်းကို လိုလားကြခြင်း ဖြစ်သည်။

အကြီးတန်းဂျာနယ်လစ်များနှင့် သိပ္ပံ ပညာရှင်များလည်း လူ့အခွင့်အရေးကာကွယ်သူများ၏ ထိုကမ်ပိန်းတွင် ပါဝင်ပူးပေါင်းလာခဲ့ကြပြီး ယူကေအနေဖြင့် နောက်ထပ်ဒီမိုကရေစီပြောင်းလဲမှုများလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ထိုကမ်ပိန်းက အသိပေးလုပ်ငန်းဖြစ်လာခဲ့သည်။ လူထု၏ဖိအားပေးမှုနှင့် လူထုပါဝင်သော ဆွေးနွေးတိုင်ပင်မှုများ တစ်နှစ်ကြာ လုပ်ဆောင်ပြီးနောက် ၂၀၁၁ ခုနှစ်တွင် တရားရေးဝန်ကြီးဌာနက အသရေဖျက်မှုဥပဒေကြမ်းကို လူထုကို ချပြခဲ့သည်။ အသရေဖျက်မှုကို တရားမမှုအဖြစ် သတ်မှတ်သည့် ထိုဥပဒေကြမ်းသည် ၂၀၁၂ ခုနှစ်တွင် လွှတ်တော်သို့ ရောက်ရှိခဲ့ပြီး အရေးကြီးသည့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်အပြီး ၂၀၁၃ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ သည်။ လက်ရှိတွင် ယူကေ၌ တရားမမှုအဖြစ်သတ်မှတ်ထားသော အသရေဖျက်မှုဥပဒေသာ ရှိသည်။

## အိန္ဒိယ

၂၀၁၁ ခုနှစ်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်အစိုးရက သီရိလင်္ကာ၏ ဦးဆောင်မှုလမ်းကြောင်းကိုလိုက်၍ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ရုတ်သိမ်းရန် ဆန္ဒရှိကြောင်း ကြေညာခဲ့သည်။ နှစ်နှစ်အကြာတွင် ပြန်ကြားရေးနှင့်ရုပ်သံထုတ်လွှင့်ရေး ဝန်ကြီးဌာနကလည်း ရာဇဝတ်မှုအဖြစ်မှ ရုတ်သိမ်းခြင်းကို ထောက်ခံကြောင်း  ကြေညာခဲ့သည်။ အိန္ဒိယဥပဒေကော်မရှင်ကလည်း ရာဇဝတ်မှုအဖြစ်ရုတ်သိမ်းကို အားပေးသည့် အကြံပြုစာတမ်း

In 2010, a public campaign to reform defamation laws was launched following increasing reports that they were being misused, particularly by powerful business owners. Although the UK's criminal defamation provisions had not been used for many years, campaigners wanted full decriminalisation because the potential threat still resulted in a chilling effect on freedom of expression.

Senior journalists and scientists joined human rights defenders to promote the campaign, which reminded people that the UK still needed more democratisation. After a year of public pressure and public consultations, the Ministry of Justice introduced a draft defamation bill in 2011. The defamation bill proposed decriminalising defamation and went to parliament in 2012 and after significant consultation was adopted in 2013.[23] The UK only has civil defamation laws now.

## India

In 2011, the Indian National Congress government announced its interest to follow Sri Lanka's lead and decriminalise defamation. Two years later, the Minister of Information and Broadcasting announced his support for decriminalisation. India's Law Commission published a consultation paper in 2014 which encouraged decriminalisation too.

Unfortunately, a different government without any commitment to reform was elected in 2014. Campaigners redirected their attention to the Indian Supreme Court in a bid to get the Penal Code provisions repealed. The Supreme Court announced in its 2016 decision that while it could not repeal the provision, it did believe that nobody should be prosecuted for, *"calling a government corrupt or unfit"*.

In 2017, backbench parliamentarians put forward the, *"Right to Protection of Speech and Reputation Bill"* to decriminalise defamation. The Indian National Congress leader, Rahul Gandhi, made a manifesto commitment for the 2019 elections that Congress would decriminalise defamation if elected.

တစ်စောင်ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

သို့ရာတွင် ကံအကြောင်းမလှစွာဖြင့် ၂၀၁၄ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ရန် အာသီသမရှိသော အစိုးရတစ်ရပ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ထိုအခါ ကမ်ပိန်းလုပ်ဆောင်သူများက ရာဇသတ်ကြီး (ပြစ်မှုဆိုင်ရာ ဥပဒေ)မှ ပြဋ္ဌာန်းချက်များကို ဖျက်သိမ်းရေးအတွက် တရားလွှတ်တော်ချုပ်ထံ အာရုံပြောင်းလာကြသည်။ တရားလွှတ်တော်ချုပ်က မည်သူမဆို “အစိုးရကို အကျင့်ပျက်ခြစားသည် (သို့) ညှံ့သည်ဟု ဝေဖန်မှု” အတွက် တရားစွဲမခံရသင့်ဟူသော အဆိုကို မယုံကြည်ဟု ဆိုကာ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်ကို မပြင်နိုင်ကြောင်း ၂၀၁၆ ခုနှစ်တွင် ကြေညာခဲ့သည်။

၂၀၁၇ ခုနှစ်တွင် နောက်တန်းခုံလွှတ်တော်အမတ်များက “ထုတ်ဖော်ပြောဆိုမှုကို ကာကယ်ခွင့်နှင့် ဂုဏ်သိက္ခာရှိပိုင် ခွင့် ဥပဒေကြမ်း”ဖြင့် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ရုတ်သိမ်းရန် ကြိုးစားလာကြသည်။ အိန္ဒိယအမျိုးသားကွန်ဂရက်ခေါင်းဆောင် ရာဟူးလ်ဂန္ဒီက ၂၀၁၉ ရွေးကောက်ပွဲအတွက် ကတိပြုကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့ ရွေးကောက်ပွဲတွင် အနိုင်ရပါက အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ ရုတ်သိမ်းမည်ဟု ထိုကြေညာချက်တွင် ဖော်ပြထားသည်။

## မော်လ်ဒိုက်

မော်လ်ဒိုက်နိုင်ငံ၏ ပထမဆုံးသော ဒီမိုကရေစီရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းအပြီး ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည်။ ပြည်သူလူထုက ဒီမိုကရေစီ ကမ်ပိန်းလှုပ်ရှားသူ မိုဟာမက်ဒ်နာရှစ်ဒ်ကို နိုင်ငံ၏ ပထမဆုံးသော သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ အစိုးရက ၎င်းတို့သည် ယခင်အာဏာရှင်နှင့်မတူကြောင်းကို ပြည်သူလူထုအား ထုတ်ဖော်ပြသလိုသည့်အတွက် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ်မှ အပြီးအပိုင် ရုတ်သိမ်းထားသည့် ဥပဒေသစ်ကို တစ်နှစ်အတွင်းပင် ပြဋ္ဌာန်းခဲ့သည်။

သို့သော် ၂၀၁၂ ခုနှစ်တွင် အာဏာသိမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့သောကြောင့် သမ္မတ ဖြုတ်ချခံရကာ ပါတီအာဏာရှင် စနစ်ကို ပြန်လည်ရောက်ရှိခဲ့သည်။ အာဏာသိမ်းအစိုးရက "အသရေဖျက်မှုတိုက်ဖျက်ရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အက်ဥပဒေ" ကို ရာဇဝတ်မှုအဖြစ် ပြန်လည် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေသည် မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်းများကို ခြိမ်းခြောက်ရန်နှင့် နှောင့်ယှက်ရန် အကောင်းဆုံးလက်နက် ဖြစ်လာခဲ့သည်။

## Maldives

The Maldives held its first-ever democratic elections in 2008 following the adoption of a new constitution. The people elected the democratic campaigner, Mohamed Nasheed as the country's first elected president. The government wanted to demonstrate to the people that it was different from the previous dictatorship. Within a year, the government adopted a new law to completely decriminalise defamation.

Unfortunately, in 2012 a coup forced out the elected president and returned the authoritarian government again. They adopted the, *"Anti-Defamation and Freedom of Expression Act"* to re-criminalise defamation because it was their greatest tool to threaten and harass the media and civil society.

## ရှေ့တွင်ကြုံရမည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အထွေထွေပြုပြင်ပြောင်းလဲမှုများ

မြန်မာနိုင်ငံသည် အသရေဖျက်မှုဆိုင်ရာ ဥပဒေများကို အသုံးပြုရာတွင် အသစ်အသစ်သော၊ ပိုမိုအားကောင်းသော စိန်ခေါ်မှုများနှင့် ကြုံရဖွယ်ရှိသည်။ ယင်းစိန်ခေါ်မှုများကို အလားတူ အခြားနိုင်ငံများ၌လည်း ကြုံတွေ့ခဲ့ပြီးဖြစ်သလို ယင်းနိုင်ငံများကလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တုံ့ပြန်ဖြေရှင်းခဲ့ကြသည်။ အသရေဖျက်မှုဆိုင်ရာမူဘောင် ပြုပြင်ပြောင်းလဲရေးတွင် ယင်းအချက်ကို ထည့်သွင်းစဉ်းစားပြီး ပြင်ဆင်ထားသင့်သည်။ အောက်ပါတို့ ပါဝင်သည်။

### SLAPP များ

"ပြည်သူလူထုပါဝင်မှုနှင့် ဆန့်ကျင်သည့် ဗျူဟာကျကျ တရားစွဲဆိုမှုများ (Strategic Lawsuits Against Public Participation)" [SLAPPs] များသည် အနိုင်အထက်ပြုလုပ်ရန်နှင့် မိမိကိုယ်ကိုယ်ဆင်ဆာဖြတ်တောက်ခြင်းကို အားပေးရန် အသရေဖျက်မှု ဥပဒေများကို အသုံးချသည့် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်သော နည်းလမ်း ဖြစ်သည်။ တရားစွဲဆိုသူများသည် တရားခွင်၌ အမှုနိုင်ရန်ထက် တစ်ဖက်သားကို ကြောက်လန့်စေရန်နှင့် မပြောရဲမဆိုရဲ ဖြစ်စေလိုသည့် ရည်ရွယ်ချက်ရှိသည်မှာ ထင်ရှားသည်။ များသောအားဖြင့် တရားစွဲဆိုသူများသည် တရားစွဲခံရသူများထက် ပိုချမ်းသာပြီး ရှုပ်ထွေး၍ ရှည်ကြာသောအမှုများကို ရင်ဆိုင်ရန် ငွေကြေးအားဖြင့် တတ်နိုင်ကြပြီး တရားစွဲ ခံရသူဘက်က အမှုပြီးစီးရန် ၎င်းဘက်မှ ရုတ်သိမ်းရခြင်း(သို့) တောင်းပန်းခြင်း ပြုလုပ်ရလေ့ရှိသည်။ နိုင်ငံအများအပြားတွင် SLAPP များကို ပိတ်ပင်တားမြစ်ထားပြီး တရားရုံးများကလည်း တရားဥပဒေအရ မှတ်ကျောက်တင်ခံနိုင်မှုမရှိသည့် အမှုများနှင့် အနိုင်အထက်ပြုလုပ်လိုသည့် ရည်ရွယ်ချက် ထင်ရှားပေါ်လွင်မှုမရှိသော အမှုများကို စစ်ဆေး ပယ်ချတတ်ကြသည်။

### စီးပွားရေးအရ အမြတ်ထုတ်ခြင်း

မသမာသော စီးပွားရေးလုပ်ငန်းအချို့သည် တရားစွဲရန် စရိတ်ကြီးကြီးမားမားရှိပြီး မျှတမှုမရှိသည့် ပြင်းထန်သော အသရေဖျက်မှု ဥပဒေများကို အသုံးပြုကာ အမှုကြီးများ သို့မဟုတ် ထပ်ခါထပ်ခါ အမှုများ ဖွင့်တတ်ကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ဝေဖန်မှုများကို အပြစ်ဒဏ်ပေးရန်နှင့် ကိုယ့်ကိုယ်ကိုယ် ဆင်ဆာဖြတ်သည့် အလေ့အထ အားကောင်းလာစေဖို့ ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုလုပ်ငန်းများအကြောင်းကို ပြည်သူလူထုက သတင်းစာမျက်နှာပေါ်တွင် ကောင်းစွာမသိရှိရသဖြင့် ကျင့်ဝတ်မစောင့်ထိန်းဘဲ တရားဥပဒေမဲ့စွာ လွတ်လွတ်လပ်လပ် လုပ်ကိုင်လာနိုင်ကြသည်။ ထို့အတွက် ပြည်သူကို အသိပေးလှုံ့ဆော်မှု

## General reforms to deal with forthcoming challenges

Myanmar is likely to face new and growing challenges in its application of defamation laws. These forthcoming challenges have been seen in other similar countries which have responded to them in different ways. Reform of the defamation framework should factor in and prepare for them. They include:

### SLAPPs

"Strategic Lawsuits Against Public Participation" (SLAPPs) are a malicious method of using defamation laws to bully and promote self-censorship. Complainants do not expect their complaint to succeed in court. Instead, their aim is to intimidate and silence others. Usually the complainant is richer than the defendant and can afford long and complex cases. Defendants withdraw or apologise to escape from the case. SLAPPs are banned in many countries and courts are expected to identify and dismiss cases that have no legal merit and are clearly intended to bully.

### Business abuse

Some unscrupulous businesses combine their sizable legal budgets with unfair and punitive defamation laws to bring large or repeated cases, with the intention of punishing critics and encouraging self-censorship. As a result, such businesses become free to act unethically or unlawfully without the public being properly informed. Anybody who tries to raise awareness is likely to be bankrupted or seriously inconvenienced. Some countries deal with this issue by requiring businesses to get prior permission before bringing a defamation case. Other countries have added a threshold for "substantial financial loss" whereby complainants must demonstrate significant harm.

လုပ်ရန် ကြိုးစားသူတိုင်းသည်လည်း စီးပွားရေးချွတ်ချုံကျသည့်အထိ မဖြစ်လျှင် အပြင်းအထန် ထိခိုက်ခံစားရသည့်အထိ ရင်ဆိုင်ရတတ်သည်။ အချို့နိုင်ငံများတွင် ဤကိစ္စရပ်များကို ဖြေရှင်းရန်အတွက် စီးပွားရေးလုပ်ငန်းများမှ အသရေဖျက်မှုဖြင့် တရားစွဲမည်ဆိုပါက ခွင့်ပြုချက်ကြိုတင် တောင်းခံရမည်ဟု ချမှတ်ထားသည်။ အချို့နိုင်ငံများတွင်လည်း တိုင်ကြားသူဘက်က သိသာထင်ရှားသော ထိခိုက်နစ်နာမှုကို မဖြစ်မနေ ဖော်ပြ ရသည့် "ခိုင်မာသည့် ဘဏ္ဍာရေးဆုံးရှုံးမှု"အတွက် သတ်မှတ်စံတစ်ခုကို ပြဋ္ဌာန်းထားသည်။

## ငွေကုန်ကြေးကျ မတတ်နိုင်ခြင်း

ရာဇဝတ်သင့်သော အသရေဖျက်မှုဥပဒေများကို ထောက်ခံသူများ မကြာခဏ ငြင်းချက်ထုတ်လေ့ရှိသောအချက်မှာ ရှေ့နေ မငှားနိုင်သော ပြည်သူအများအပြားသည် တရားမ တရားရုံးများတွင် တိုင်ကြားရန် ငွေကြေးမတတ်နိုင်ကြဟူသော အချက် ဖြစ်သည်။ လူတိုင်း ဆင်းရဲချမ်းသာမရွေး မည်သည့်နည်းလမ်းဖြင့်မဆို တရားမျှတမှု ရရှိပိုင်ခွင့်ကို ဖြည့်ဆည်းလိုသည်မှာ ကောင်းမွန်သော ရည်ရွယ်ချက် ဖြစ်သည်။ သို့သော် ရာဇဝတ်သင့်သည့် အသရေဖျက်မှု တိုင်ကြားချက်အများစုကြီးမှာ ပါဝါအာဏာရှိသူများက တိုင်ကြားခြင်းဖြစ်ပြီး ဆင်းရဲနွမ်းပါးသော (သို့) ဘေးထုတ်ခံထားရသော ပြည်သူများက တိုင်ကြားခြင်း မဟုတ်ပေ။ ယင်းကဲ့သို့ ပါဝါအာဏာရှိသောသူများသည် ရှေ့နေငှားရန်အတွက် လုံလောက်သော ကြွယ်ဝမှုရှိကြသည်။ ၎င်းတို့၏ အမှုများတွင် နိုင်ငံတော်က လစာပေးထားသော ဥပဒေအရာရှိက ကူညီပေးသည့်အတွက်လည်း မျှတမှု မရှိသည့်အပြင် နိုင်ငံတော်အသုံးစရိတ်ကိုလည်း ပွန်းပဲ့စေသည်။

## ထိခိုက်မှုကို အချိန်စောလျင်စွာ စစ်ဆေးခြင်း

တရားစွဲသူများသည် ထိခိုက်နစ်နာမှု မဖြစ်နိုင်သည့် မပြောပလောက်သော အသေးအဖွဲ ထုတ်ဖော်ပြောဆိုချက်များပေါ် အခြေခံ၍ မကြာခဏဆိုသလို အမှုဖွင့်လေ့ရှိကြသည်။ ယင်းအမှုများတွင် တွေ့ရတတ်သည့် တစ်ခုတည်းသောထိခိုက်နစ်နာမှု ဆိုသည်မှာ ဟာသ၊ ပုတ်ခတ်စော်ကားမှု (သို့) ထေ့လုံးများအပေါ် ၎င်းတို့၏ ကိုယ်ပိုင်ခံစားချက်များသာ ဖြစ်သည်။ ထို့အပြင် တရားစွဲသူများသည် ထိခိုက်နစ်နာမှုကို တိုင်းတာနိုင်သော ပုံစံဖြင့် မပြနိုင်ပေ။ အချို့နိုင်ငံများတွင် ရုံးတော်က အမှုကို စစ်ဆေးကြားနာမှု မလုပ်ခင် ထိခိုက်နစ်မှု မြောက်မမြောက်ကို စစ်ဆေးမှုမျိုး ရှိတတ်သည်။ ဤနည်းဖြင့် ရုံးတော်သည် ထိခိုက်နစ်နာမှု မရှိသော အသေးအဖွဲ အမှုများကို မြန်မြန်ဆန်ဆန် ပလပ်လိုက်နိုင်သည်။

## တောင်းပန်တိုးလျှိုးခြင်းနှင့် အမှားပြင်ခြင်း

အသရေဖျက်မှုကြောင့်ဖြစ်သော ထိခိုက်နစ်နာမှုများကို အချိန်တိုအတွင်း အမှားပြင်ခြင်း (သို့) တောင်းပန်ခြင်း ပြုလုပ်ပါက လျှော့ချခြင်း (သို့) ဖယ်ချခြင်း လုပ်နိုင်သည်။ နိုင်ငံအများအပြားတွင် ဤအချိန်တိုအတွင်း လုပ်ဆောင်သည့်စနစ်ကို အသရေ ဖျက်မှု

## Unaffordability

Proponents of criminal defamation laws often argue that civil courts are unaffordable to many members of the public who cannot afford to pay for lawyers. Fulfilling the right of access to justice for everyone regardless of their means is an important aim. However, the vast majority of criminal defamation complaints are made by powerful people, not by poorer or marginalised people. Such powerful people often have adequate means to pay for their own lawyers, so it is unfair that their case is supported by State-funded prosecutors, which diminishes the State's budget.

## Early test of harm

Complainants often bring cases based on trivial claims in which there was little to no harm caused. Often in these cases the only harm is to personal feelings for example from jokes, insults or parody, and the complainant cannot demonstrate the harm caused in any measurable way. In some countries, courts may determine whether a test of harm is satisfied before the majority of the court proceedings, so that the court can quickly dismiss cases which have resulted in little to no harm.

## Apologies and corrections

Much of the harm caused by defamation can be reduced or removed altogether if it is followed by a quick correction or apology. In many countries, this quick response is recognised in defamation laws and their application by courts. If a defendant quickly corrects false information or corrects and apologises, courts take that into account when deciding on the case. However, a defendant should never be forced to make an insincere correction or apology.

## Procedural reform

Complainants often intentionally misuse procedures to increase the inconvenience and cost of cases. This encourages self-censorship as people fear being caught up in a protracted and costly case. These tactics include procedural tricks that are not in the defamation law. Many countries have tried to balance legal reform with procedural reform, recognising that improvements in both are necessary in order to ensure defamation laws are not misused.

ဥပဒေများနှင့် တရားရုံး၏ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွင် ထည့်သွင်းရေးဆွဲထားသည်။

## လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲခြင်း

တရားစွဲဆိုသူများသည် (တစ်ဖက်တရားပြိုင်အတွက်) ပိုမိုခက်ခဲစေရန်နှင့် တရားရုံးစရိတ်ပိုကုန်စေရန် လုပ်ထုံးလုပ်နည်းများကို ရည်ရွယ်ချက်ရှိရှိ အလွဲသုံးစား လုပ်လေ့ရှိကြသည်။ ထို့ကြောင့် ပြည်သူများသည် အီလေးဆွဲပြီး ငွေကုန်ကြေးကျများသည့်အမှုများကို ရင်ဆိုင်ရန် ကြောက်ရွံ့လာကြပြီး ကိုယ့်ကိုယ်ကိုယ် ဆင်ဆာပြန်ဖြတ်တောက်လာကြသည်။ ယင်းလုပ်ကွက်များလုပ်ရာတွင် အသရေဖျက်မှုဥပဒေများ၌ မပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကိုပါ ဘောင်ကျော် လုပ်ဆောင်မှုများလည်း ပါဝင်သည်။ နိုင်ငံအများအပြားသည် ဥပဒေပြုပြင်ပြောင်းလဲမှုနှင့် လုပ်ထုံးလုပ်နည်းပြုပြင်ပြောင်းလဲမှုကို ဟန်ချက်ညီအောင် လုပ်ဆောင်လာခဲ့ကြသလို အသရေဖျက်မှုဥပဒေများကို အလွဲသုံးစား မလုပ်စေရန်အတွက် ကဏ္ဍနှစ်ရပ်စလုံး တိုးတက်ရန် လိုအပ်သည်ကိုလည်း အသိအမှတ်ပြုကြသည်။

# မြန်မာနိုင်ငံတွင် အသရေဖျက်မှုဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနည်းလမ်းများ

## Reform options in Myanmar

မြန်မာနိုင်ငံရှိ အသရေဖျက်မှုဥပဒေများကို ဒီမိုကရေစီစနစ်နှင့်အညီ လက်သင့်ခံလောက်ဖွယ် ဖြစ်လာစေရန်အလို့ငှာ ယင်းတို့ကို ပြုပြင်ပြောင်းလဲရာတွင် နည်းလမ်းအမျိုးမျိုးရှိကြသည်။ နည်းလမ်းတစ်ခုစီတွင် အကျိုးကျေးဇူးများ နှင့် စိန်ခေါ်မှုများ လည်းရှိကြသည်။

Myanmar has different options to reform its defamation laws in order to make them acceptable in a democracy. Each option has its benefits and challenges.

### နည်းလမ်း(၁)- တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေကို အတည်ပြုခြင်း။

ပထမဆုံးနည်းလမ်းမှာ တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေကို အတည်ပြုရန်ဖြစ်သည်။ တရားမမှုဆိုင်ရာ အသရေဖျက်ခြင်းဥပဒေသည် ဂုဏ်သိက္ခာထိပါးခံရသည့် လူများအတွက် လျော်ကြေးရရန် ဆောင်ရွက်ပေးသည့် ယန္တယားတစ်ခုပင် ဖြစ်သည်။ တရားမမှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေသည် ပိုမိုကောင်းမွန်သည့် နည်းလမ်း တစ်ခုဖြစ်ပါသည်။

#### အကျိုးကျေးဇူးများ

- အတည်ပြုမည့် တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေသည် မြန်မာနိုင်ငံရှိ အသရေဖျက်မှုဥပဒေ(၆)ခု၌ ပြစ်မှုဆိုင်ရာအသရေဖျက်မှုပြဋ္ဌာန်းချက် အားလုံးကို ပယ်ဖျက်ပေးလိမ့်မည်ဖြစ်သည်။ ယင်းက မြန်ဆန်ပြီး ထိရောက်မှုလည်း ရှိသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိ ရာဇဝတ်မှုဆိုင်ရာအသရေဖျက်မှုပုဒ်မများကို တစ်ခုချင်းစီ ပြုပြင်ပြောင်းလဲရန် မလိုတော့ဘဲ၊ အားလုံးကို တပြိုင်နက်တည်း ပြုပြင်ပြောင်းလဲလိုက်နိုင်သောကြောင့် ဖြစ်သည်။
- တရားရုံးမှပေးအပ်သော မည်သည့်လျော်ကြေးငွေကိုမဆို နိုင်ငံတော်သို့ပေးရခြင်းထက် တရားစွဲဆိုထားသည့် နစ်နာသူအား ပေးရ ခြင်းဖြစ်သည်။ ယင်းရရှိသောလျော်ကြေးအားဖြင့် နစ်နာသူသည် ၎င်း၏ ဂုဏ်သိက္ခာကို ပြန်လည် ဆယ်ယူနိုင်စေလိမ့်မည် ဖြစ်သည်။
- နိုင်ငံတော်အနေဖြင့် ယင်းအမှုကိစ္စတွင် ပါဝင်မှုနည်းပါးလာခြင်းကြောင့် နိုင်ငံတော်၏အသုံးစရိတ်ကို လျော့ နည်းလာစေလိမ့်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးရန်အတွက် ရဲများ၊  တရားရုံးများတွင်

### Option 1: Adopt a Civil Defamation Law

The first option is to adopt a Civil Defamation Law. A Civil Defamation Law is a mechanism for people whose reputations have been harmed to get compensation. A Civil Defamation Law is the preferred option.

#### Benefits

- The law would repeal all criminal defamation provisions in Myanmar's six defamation laws. It is fast and effective because it instantly repeals those provisions without needing to amend each law individually.
- Any compensation awarded by the court goes to the plaintiff rather than to the State. This enables the plaintiff to repair their reputation with the compensation that they receive.
- It reduces State expenditure because the State is less involved in the case. The State does not need police to investigate the allegations, prosecutors to fight the case in court, or prisons to house people.
- It encourages people to solve conflict themselves, rather than involve the punitive State.

#### Challenges

- Adopting a full law takes time. It should take time to ensure a proper process of open consultation that has involved all stakeholders.

အမှုများကို တရားစွဲဆိုရန် အစိုးရရှေ့နေများနှင့် လူများအားနေရာချထားရန် အကျဉ်းထောင်များအား အစိုးရမှလိုအပ်မည်မဟုတ်ပေ။

- ၎င်းသည် ပိုမိုထိခိုက်စေသည့် အစိုးရပါဝင် အပြစ်ပေးခြင်းထက် လူထုအား ၎င်းတို့၏ပဋိပက္ခပြဿနာများကို ကိုယ်တိုင်ဖြေရှင်းကြရန်တိုက်တွန်း အားပေးခြင်းဖြစ်သည်။

## စိန်ခေါ်မှုများ

- ဥပဒေအပြည့်အစုံကို ရေးဆွဲအတည်ပြုရန်အတွက် အချိန်ယူရမည်ဖြစ်သည်။ ဥပဒေရေးဆွဲရာတွင် ပွင့်လင်းမြင်သာပြီး သက်ဆိုင်သူများအားလုံးပါဝင်သော ကောင်းမွန်သည့် ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းစဉ်တစ်ခု ဖြစ်လာစေရန် အချိန်ယူဆောင်ရွက်သင့်ပါသည်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အသုံးပြုနေကြသော ဂျာနယ်လစ်များ၊ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများနှင့် အခြားသူများကို ဒေဝါလီခံသွားရအောင် တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေအား ပါဝါရှိသောလူများမှ အလွဲသုံးစားပြုနိုင်ကြသည်။ ထို့ကြောင့်ဥပဒေတစ်ခုကို အလွဲသုံးစားမပြုနိုင်ကြစေရန် သေချာစွာရေးဆွဲကြရမည်ဖြစ်သည်။ ၎င်းတွင် ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် အကာအကွယ်များအားလုံး ပါဝင်သင့်ပြီး၊ နစ်နာထိခိုက်ဆုံးရှုံးမှုများအပေါ် သင့်လျော်သည့် ငွေဒဏ်ပမာဏ ကန့်သတ်ချက်တစ်ခုရှိရမည် ဖြစ်သည်။

- A Civil Defamation Law can be misused by powerful people to bankrupt journalists, human rights defenders, and others who use their right to freedom of expression. Therefore a law must be drafted well in order to ensure it is not misused. It should include all the defences necessary under democratic standards and there must be an appropriate limit on damages.

# နည်းလမ်း(၂) - ရာဇသတ်ကြီးရှိ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေတွင် ပိုမိုခိုင်မာသော ခုခံကာကွယ်မှုများ ထည့်သွင်းခြင်း။

ဒုတိယနည်းလမ်းသည် ရာဇသတ်ကြီးရှိ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေတွင် ပိုမိုခိုင်မာသော အကာအကွယ်ပေးမှုများထည့်သွင်းပေးရန် ဖြစ်သည်။ နိုင်ငံတကာဒီမိုကရေစီစံနှုန်းများတွင် ဖော်ပြထားသော ခုခံချေပနိုင်သည့် အကာအကွယ်များကို လက်ရှိ ပုဒ်မ (၄၉၉) တွင်ဖော်ပြထားသော ခြွင်းချက်များတွင် အပြည့်အဝထည့်သွင်း နိုင်ရန်အလို့ငှာ ယင်းပုဒ်မ (၄၉၉)အား ပြန်လည်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သည်။ ၎င်းဒီမိုကရေစီစံနှုန်းများရှိ အကာအကွယ်ပေးမှုများတွင် အမှန်တရား၊ ထင်မြင်ယူဆချက်၊ ကျိုးကြောင်းဆီလျော်သော ထုတ်ပြန်ကြေညာချက်၊ အခြားသူ၏အဆိုကို ထပ်မံဖော်ပြခြင်း၊ သဘောရိုးဖြင့်ထုတ်ပြန်ကြေညာချက်၊ ပြန်လည်ဖော်ပြရန် သဘောတူညီမှု ပေးခြင်းနှင့်၊ ပြီးပြည့်စုံပြီး အရည်အသွေးပြည့်မီသော အခွင့်ထူးခံခြင်းများ ပါဝင်သည်။ (ဤခုခံကာကွယ်ခွင့်များ နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက FEM မှထုတ်ဝေထားသော

# Option 2: Add stronger defences to the Penal Code

The second option is to add stronger defences to the Penal Code. This would require amending Article 499 to revise the exceptions listed within to fully include those defences listed in international democratic standards. They include the defences of: truth, opinion, reasonable publication, repeating the words of others, innocent publication, consent, and absolute and qualified privilege. (See FEM's publication, *"Defamation? International Standards and Myanmar's Legal Framework"* for further information on these defences.)

## Benefits

- Stronger defences would enable defendants to defend themselves when arrested or charged, so that cases are either dropped by the police and prosecutors or rejected by the courts.

"အသရေဖျက်ခြင်းဆိုတာဘာလဲ။ နိုင်ငံတကာ စံနှုန်းများနှင့်မြန်မာနိုင်ငံ၏ဥပဒေမူဘောင်" တွင်ကြည့်ရှုပါ။ )

## အကျိုးကျေးဇူးများ

- ပိုမိုခိုင်မာအားကောင်းသည့် ခုခံကာကွယ်မှုများသည် တရားစွဲခံထားရသည့်လူကို အဖမ်းခံရစဉ်နှင့် စွဲချက်တင်ခံရချိန်တွင် ၎င်းတို့ကိုယ်တိုင်ခုခံကာကွယ်နိုင်စေလိမ့်မည်ဖြစ်ပြီး၊ သို့မှသာ တရားစွဲဆိုသည့်အမှုများကို ရဲနှင့်အစိုးရရှေ့နေများမှ၊ သို့မဟုတ် တရားရုံးများမှ ပယ်ချမည်ဖြစ်သည်။
- အခြားပြစ်မှုဆိုင်ရာ အသရေဖျက်ခြင်းပုဒ်မ (၅) ခုဖြင့် တရားစွဲဆိုခံရသည့်အခါ တရားစွဲဆိုခံထားရသူမှ ရာဇသတ်ကြီးတွင်ပြဋ္ဌာန်းထားသော ပုဒ်မ ၄၉၉ ပါ ခုခံကင်းလွတ်ခွင့်များကို အသုံးပြုနိုင်သည်ဟု ဆိုထားသည်။ ထို့ကြောင့် ရာဇသတ်ကြီးဥပဒေရှိ ပိုမိုခိုင်မာသောခုခံကာကွယ်ကင်းလွတ်ခွင့်များသည် အခြားသော အသရေဖျက်မှုပြဋ္ဌာန်း ချက်များအားလုံးနှင့်သက်ဆိုင်သည်။
- ပိုမိုခိုင်မာအားကောင်းသော ခုခံကာကွယ်ခွင့်များကို ရေးသားဖော်ဆောင်သည့်လုပ်ငန်းစဉ်သည် အခြားသော ဥပဒေများရှိ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် ပိုမိုအားကောင်းသော အကာကွယ်အရံအတား တိုးမြှင့်ဖော်ဆောင်ရေးကို အားပေးနိုင်မည် ဖြစ်သည်။

## စိန်ခေါ်မှုများ

- မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အခြားသူများအတွက် ကြောက်လန့်စိုးရိမ်စရာအကျိုးသက်ရောက်မှုမှာ ထောင်ချခြင်းဖြင့်ခြိမ်းခြောက်မှုမျိုးကြောင့်သာမကဘဲ နိုင်ငံတော်မှ ဖိအားပေးသည့် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုမှုများ၏ ခြိမ်းခြောက်မှုများကြောင့်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၌ အသရေဖျက်ခြင်းဆိုင်ရာပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သိသိသာသာ နှေးကွေးနေပြီး ထိရောက်မှုလည်းမရှိပေ။ ပိုမိုအားကောင်းသောအကာအကွယ်ပေးမှုများကို ထည့်သွင်းရုံမျှဖြင့် အဆိုပါပြောင်းလဲမှုများကိုဖြစ်ပေါ်စေမည်မဟုတ်ပေ။
- လက်တွေ့တွင် အခြားအသရေဖျက်မှုဥပဒေ(၅)ခုဖြင့် စွဲခံရသော ပြစ်မှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ခုခံကင်းလွတ်ခွင့်များကို ထည့်သွင်း စဉ်းစားခြင်း ရှိ မရှိ မသေချာပေ။ အကယ်၍ လက်ရှိပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ခုခံကင်းလွတ်ခွင့်များကို ယနေ့ခေတ်တွင် စနစ်တကျ အသုံးပြုနိုင်ခြင်းမရှိပါက ၎င်းတို့ကိုပိုမို အားကောင်းလာအောင် ခုခံကာကွယ်ခွင့်များထပ်မံထည့်သွင်းခြင်းက အမှန်တကယ် လိုလားနေသည့် အကျိုးသက်ရောက်မှုများ ပေးစွမ်းနိုင်မည် မဟုတ်ပေ။

- Defendants can allegedly use the defences in the Penal Code when defending themselves against charges brought under any of the other five criminal defamation laws. Therefore stronger defences in the Penal Code could apply to all other defamation provisions.
- The process of developing stronger defences could encourage the development of stronger safeguards for freedom of expression in other laws.

## Challenges

- The chilling effect on journalists, human rights defenders and others in Myanmar comes not only from the threat of imprisonment, but also from the threat of being investigated and prosecuted by a heavy-handed State. Criminal defamation cases are notoriously slow and inefficient in Myanmar. Adding stronger defences may not result in this changing.
- In practice, it is unclear whether the Penal Code defences are properly considered in cases filed under the other five laws. If the current Penal Code defences are not properly used at this time, then strengthening them may not have the desired effect.

## နည်းလမ်း(၃)- ထောင်ဒဏ်အားလုံးကို ဖယ်ရှားပစ်ခြင်း။

တတိယနည်းလမ်းသည် မြန်မာနိုင်ငံ၏ပြစ်မှုဆိုင်ရာ အသရေဖျက်မှု ဥပဒေများမှ ထောင်ဒဏ်အားလုံးကို ဖယ်ရှားပစ်ရန်ဖြစ်သည်။ ၎င်းသည် အသရေဖျက်မှုဥပဒေတစ်ခုစီမှ ထောင်ဒဏ်အပြစ်များကို ရာဇဝတ်မှု စာရင်းမှဖယ်ရှားပြီး၊ ငွေဒဏ်သာထားရှိနိုင်ရန် ယင်းဥပဒေများကို ပြင်ဆင်နိုင်သည့် ဥပဒေကြမ်းတစ်ခုကို ရေးဆွဲရန်လိုအပ်သည်။

### အကျိုးကျေးဇူးများ

- အမှုများအားလုံးတွင် အသရေဖျက်မှုများအတွက် ထောင်ချခြင်းသည် အလွန်ပင် အချိုးအစားမျှတမှုမရှိပေ။ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာအသရေဖျက်မှုဥပဒေ(၆)ခုမှ ထောင်ဒဏ်များကိုဖယ်ရှားခြင်းသည် စာနယ်ဇင်းသမားများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် အခြားလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနေကြသူများအပေါ် ကျရောက်မည့် ထိတ်လန့်ဖွယ်သက်ရောက်မှုများအား သိသိသာသာ လျော့ကျသွားစေမည်ဖြစ်သည်။
- ထောင်ဒဏ်အစား အချိုးအစားညီညွတ်မျှတမှုရှိသော ငွေဒဏ်ဖြင့်အစားထိုးခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်အပေါ် ခြိမ်းခြောက်နေသော အကျိုးဆက်များကို လျော့နည်းစေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တရားခံများကို ထောင်ချခံရမှု မရှိတော့ခြင်းသည် စာနယ်ဇင်းသမားကဲ့သို့သူများအား ငွေဒဏ်ဖြင့်ပြစ်မှုစီရင်ပြီးသည့်နောက် ၎င်းတို့၏ အလုပ်ကိုဆက်လက် လုပ်ကိုင်နိုင်စေမည် ဖြစ်သောကြောင့် ဖြစ်သည်။
- ထောင်ဒဏ်အား အချိုးအစားညီညွတ်မျှတသည့် ဒဏ်ငွေဖြင့်အစားထိုးခြင်းသည် ထောင်ဒဏ်ကြောင့် ကုန်ကျခံနေရသော နိုင်ငံတော်၏အသုံးစရိတ်ကို လျှော့ချသွားနိုင်မည်ဖြစ်သည်။

### စိန်ခေါ်မှုများ

- အသရေဖျက်မှုကြောင့်ရရှိလာသော ပြစ်မှုဆိုင်ရာမှတ်တမ်းသည် အချိုးအစားညီမျှမှုမရှိပေ။ ပြစ်မှုမှတ်တမ်းသည် လူတစ်ဦးအား ၎င်းတို့၏လူမှုအဆင့်အတန်းကိုထိခိုက်စေခြင်း (သို့မဟုတ်) အလုပ်အကိုင်ရှာဖွေခြင်းကို ထိခိုက်စေခြင်းအားဖြင့် ဆိုးကျိုးများသက်ရောက်စေသည်။
- များပြား၍ အချိုးအစားညီမျှမှုမရှိသောဒဏ်ငွေသည် တရားခံအတွက် ပေးဆောင်နိုင်စွမ်းမရှိ လျှင် ပြဿနာဖြစ်လာနိုင်သည်။ အကယ်၍ ၎င်းတို့မှမပေးနိုင်လျှင် ပေးဆောင်ရန်ပျက်ကွက်မှုအတွက် ထောင်ဒဏ်ဖြင့် ခြိမ်းခြောက်ခံရမှုများရှိနေဆဲပင်ဖြစ်သည်။

## Option 3: Remove all prison sentences

The third option is to remove all prison sentences from Myanmar's criminal defamation laws. This would require a bill to amend the laws so that in each the defamation provision is removed from the list of crimes punishable by prison, leaving it only punishable by fines.

### Benefits

- Imprisonment for defamation is extremely disproportionate in all cases. Removing prison sentences from Myanmar's six criminal defamation laws would significantly reduce the chilling effect that the laws have on journalists, human rights defenders, and others exercising their right to freedom of expression.
- Replacing imprisonment with proportionate fines would also have a less negative effect on freedom of expression because defendants would not be imprisoned and therefore would be able to continue to work as journalists etc. after being convicted.
- The replacement of imprisonment with proportionate fines would reduce the State's expenditure on prisons.

### Challenges

- A criminal record for defamation is still disproportionate. Criminal records affect a person negatively such as by undermining their social status or damage their ability to find employment.
- A large and disproportionate fine could be problematic to a defendant if they do not have the ability to pay it. If they do not pay it, they would still be threatened with imprisonment for failure to pay.
- The chilling effect on journalists, human rights defenders and others in Myanmar comes not only from the threat of imprisonment, but also from the threat of being investigated and prosecuted by a heavy-handed State.
- Reforming six laws takes significant time and political energy to achieve.

- မြန်မာနိုင်ငံရှိ စာနယ်ဇင်းသမားများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အခြားသူများအတွက် ကြောက်လန့်စိုးရိမ်စရာအကျိုးသက်ရောက်မှုမှာ ထောင်ချခြင်းဖြင့်ခြိမ်းခြောက်မှုမျိုးကြောင့်သာမကဘဲ နိုင်ငံတော်မှ ဖိအားပေးသည့် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုမှုများ၏ ခြိမ်းခြောက်မှုများကြောင့် လည်းဖြစ်သည်။
- ဥပဒေ(၆)ခုကို ပြုပြင်ပြောင်းလဲပြင်ဆင်ရာတွင် အောင်မြင်မှုရရှိရန် သိသာထင်ရှားသည့် အချိန်နှင့် နိုင်ငံရေးစွမ်းအင်တို့ကို ထုတ်ယူအသုံးပြုရမည် ဖြစ်သည်။

## နည်းလမ်း(၄)- "ရည်ရွယ်ချက်ရှိရှိဖြင့် အပြင်းအထန် အသရေဖျက်မှုများ" ကိုသာ ကန့်သတ်ထားပေးရန်။

စတုတ္ထ မြောက် နည်းလမ်းမှာ "ရည်ရွယ်ချက်ရှိရှိဖြင့် ပြင်းထန်သော အသရေဖျက်မှုများ" ကိုသာ ပြစ်မှုဆိုင်ရာအသရေဖျက်မှုဥပဒေ ၆ ခုက သက်ရောက်နိုင်ရန် အကန့်အသတ်ထားရှိလျက် ယင်းဥပဒေများကို ပြင်ဆင်ရမည့် နည်းလမ်းဖြစ်သည်။ ၎င်းသည် "အသရေဖျက်မှု" စကားစု တစ်ခုချင်းစီအရှေ့တွင် "ရည်ရွယ်ချက်ရှိရှိနှင့်ပြင်းထန်သော" ဟူသည့်စကားစုကို ထည့်သွင်းပေးရန်အတွက် ဥပဒေများ ၆ ခုလုံးကို ပြင်ဆင်ရန် ဥပဒေကြမ်းတစ်ရပ်လိုအပ်မည်ဖြစ်သည်။

### အကျိုးကျေးဇူးများ

- ဥပဒေတွင် "တမင်ရည်ရွယ်ချက်ရှိရှိဖြင့်" ဟူသောစကားစုကိုထည့်သွင်းခြင်းသည် တိုင်ကြားခံရသူမှ ရည်ရွယ်ချက်ရှိရှိဖြင့် တိုင်ကြားသူအား အသရေဖျက်ခဲ့ကြောင့် တိုင်ကြားသူဘက်မှ သက်သေပြရမည့် ဥပဒေဆိုင်ရာအနိမ့်ဆုံးလိုအပ်ချက်ကို ဖန်တီးပေးပါသည်။ အဆိုပါ တရားစွဲဆိုမှုတွင် အသရေဖျက်မှုသည် အန္တရယ်ရှိခဲ့ကြောင်း နှင့် မတော်တဆ သို့မဟုတ် ထိုပြောဆိုရေးသားခဲ့သည့် အချိန်၊အခြေအနေတို့နှင့် လျော်ညီသည့်မှတ်ချက်ပေးခြင်း မျိုးမဟုတ်ကြောင်း ပြသရန်လည်း လိုအပ်မည်ဖြစ်သည်။ ၎င်းသည် အမှုအရေအတွက်များ သိသိသာသာလျော့ကျ လာမည်ဖြစ်ပြီး၊ အဆိုးဆုံးအမှုများသာ တရားရုံးသို့ ရောက်လိမ့်မည် ဖြစ်သည်။
- ဥပဒေတွင် "အပြင်းအထန်"ဟူသောစကားစုထည့်သွင်းခြင်းသည် အသရေဖျက်မှုသည် အမှန်တကယ်အန္တရာယ် ဖြစ်စေခဲ့ကြောင်း တိုင်ကြားသူမှ ပြသရမည့် ဥပဒေဆိုင်ရာအနိမ့်ဆုံးလိုအပ်ချက် ဒုတိယအချက်ကို ဖန်တီးလိုက်ခြင်းဖြစ်သည်။ အဆိုပါတရားစွဲဆိုမှုတွင် ထိခိုက်မှုအချို့ဖြစ်ပေါ်ခဲ့ကြောင်း ယူဆရုံထက် ထိခိုက်မှု အတိုင်းအတာ ကိုသက်သေပြရန် လိုအပ်မည်ဖြစ်သည်။ ၎င်းသည် အမှုအရေအတွက်ကိုလည်း လျော့နည်းစေပြီး အထူးသဖြင့် အမှန်တကယ်ဂုဏ်သိက္ခာထက်

## Option 4: Limit to "Deliberate and serious defamation"

The fourth option is to amend the six criminal defamation laws so that they apply only to *"deliberate and serious defamation"*. This would require a bill to amend the laws so that in each, the phrase, *"deliberate and serious"* is added before each, *"defamation"*.

### Benefits

- Adding *"deliberate"* to the law creates a threshold where it must be proved that a defendant intentionally defamed a complainant. The prosecution would need to show that the defamation was malicious, and not just accidental or a fair comment on what was known at the time. This would significantly reduce the number of cases so that only the worst examples got to court.
- Adding *"serious"* to the law creates a second threshold where it must be proved that the defamation resulted in real harm. The prosecution would need to measurably prove that harm, rather than just assuming some harm had occurred. This would also reduce the number of cases, and in particular remove cases in which feelings were harmed rather than actual reputations.

### Challenges

- Criminal defamation laws would still exist in Myanmar, which is against democratic standards.
- There is a risk that the two thresholds are ignored or weakened in courts over time. This has been seen in relation to the defamation defences in the Penal Code which in practice seem to have been ignored or weakened in courts over time.

ခံစားချက်ကိုသာ ထိခိုက်စေသည့် အမှုများကို ဖယ်ရှားပေးလိမ့်မည်ဖြစ်သည်။

## စိန်ခေါ်မှုများ

- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများနှင့် ဆန့်ကျင်နေသည့် အသရေဖျက်မှုဆိုင်ရာပြစ်မှုဥပဒေများ ကျန်ရှိနေနိုင်သေးသည်။
- အချိန်ကြာလာသည်နှင့်အမျှ တရားရုံးများတွင် အဆိုပါဥပဒေကြောင်းအရပြသရမည့် လိုအပ်ချက်နှစ်ခုမှာ လျစ်လျူရှုခံလာရနိုင်ပြီး အားနည်းသွားနိုင်သည်။ ယင်းကဲ့သို့သော အတွေ့အကြုံကို ရာဇသတ်ကြီးဥပဒေရှိ အသရေဖျက်ခြင်းဆိုင်ရာ ခုခံချေပကာကွယ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး တွေ့ကြုံခဲ့ရပြီး ဖြစ်သည်။ လက်တွေ့တွင် ယင်းခုခံကာကွယ်ကင်းလွတ်ခွင့်များသည် လစ်လျူရှုထားခံရခြင်း သို့မဟုတ် ခုခံကာကွယ်ခွင့် အဖြစ်အသုံးမပြုနိုင်ဘဲ အားနည်းသွားခြင်းတို့ ဖြစ်ပေါ်နေပါသည်။
- ဥပဒေ(၆)ခုကိုပြုပြင်ပြောင်းလဲပြင်ဆင်ရာတွင် အောင်မြင်မှုရရှိရန် သိသာထင်ရှားသည့် အချိန်နှင့် နိုင်ငံရေးစွမ်းအင်တို့ကို ထုတ်ယူအသုံးပြုရမည် ဖြစ်သည်။

- Reforming six laws takes significant time and political energy to achieve.

# နိဂုံး

# Conclusion

ဤအစီရင်ခံစာသည် အသရေဖျက်မှုနှင့်ပတ်သက်သော ထုတ်ဝေသော စာစဉ်များတွင် တတိယမြောက် အစီရင်ခံစာဖြစ်သည်။ ပထမတစ်အုပ်တွင် အသရေဖျက်မှုဥပဒေများကို မြန်မာနိုင်ငံ၌ မည်သို့ တလွဲအသုံးပြုနေသည်ကို ရေးသားခဲ့ပြီး ဒုတိယတစ်အုပ်တွင် မြန်မာနိုင်ငံအနေဖြင့် ရှေးရှုသင့်သည့် နိုင်ငံတကာ ဒီမိုကရေစီစံနှုန်းများ အကြောင်းကို ရှင်းလင်းဖော်ပြခဲ့သည်။ ဤတတိယစာအုပ်၌ မြန်မာနိုင်ငံနှင့် အလားတူနိုင်ငံများတွင် မည်သို့ ဥပဒေပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခဲ့ပုံကို အနှစ်ချုပ်တင်ပြထားပြီး မြန်မာအစိုးရ လုပ်ဆောင်နိုင်သည့် ရွေးချယ်စရာလမ်းကြောင်းများကိုလည်း အဆိုပြုထားသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်စတင် ကူးပြောင်းသည့် ပထမဆုံးသော နိုင်ငံမဟုတ်ဘဲ အခြားနိုင်ငံများ၏ လမ်းစဉ်ကို နောက်မှလိုက်နေရသော နိုင်ငံဖြစ်သည်။ အသရေဖျက်မှုဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းသည် ဒီမိုကရေစီအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ကို နိုင်ငံအများစု၌ တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။

သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများတွင် ဒီမိုကရေစီအစိုးရသစ်များသည် အသရေဖျက်မှုနှင့်ပတ်သက်၍ ပြုပြင် ပြောင်းလဲမှုများကို ၎င်းတို့၏ အများပြည်သူပါဝင်မှုဖြင့် လှုပ်ရှားလုပ်ဆောင်သည့် Signature campaign များသဖွယ် အသုံးပြုကာ ယခင်ယခင် အာဏာရှင်များနှင့် မတူကြောင်းကို ထုတ်ဖော်ပြသခဲ့ကြသလို ယူကေနှင့် အိန္ဒိယတွင်လည်း အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီစံနှုန်းများ တိုးတက်မြင့်မားလာမှုကို အသိအမှတ်ပြုခြင်းဖြစ်ပြီး တရားမမျှတမှုကို ဖြေရှင်းနိုင်ရန် မဖြစ်မနေလိုအပ်သော အချက်တစ်ခု ဖြစ်ခဲ့သည်။

မြန်မာအစိုးရအနေဖြင့် နိုင်ငံအားလုံးထံမှ သင်ခန်းစာယူ လေ့လာနိုင်ပါသည်။ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းခါစ အနေအထားတွင်သာ ရှိနေပြီး ၂၀၂၀ ရွေးကောက်ပွဲသည် အစိုးရအတွက် လာမည့်နှစ်များအတွင်း ၎င်းတို့၏ အစီအစဉ်များကို ပြင်ဆင်ပြသနိုင်မည့် အကောင်းဆုံး အခွင့်အလမ်းတစ်ခုပင် ဖြစ်သည်။

## အကြံပြုချက်များ

ဤအစီရင်ခံစာတွင် ညွှန်းဆိုထားသော ရွေးချယ်စရာလမ်းကြောင်းတစ်ခုစီတိုင်းသည် သက်ဆိုင်ရာ အကျိုးရလဒ် နှင့် စိန်ခေါ်မှုများ ရှိပြီး အစိုးရအနေဖြင့် လမ်းကြောင်းတစ်ခုကို ရွေးချယ်လုပ်ဆောင်သင့်ပါသည်။

- နည်းလမ်း(၁)- တရားမမှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေကိုအတည်ပြုခြင်း။

This report is the third in a series on defamation. The first showed how defamation laws are being misused in Myanmar. The second explained the international democratic standards that Myanmar should be aiming for. This third report outlines how other similar countries reformed their laws and proposes options that the Myanmar government could take.

Myanmar is not the first country to start a transition to democracy. It follows many others, most of which have found that reforming defamation laws was a critical first step to democracy.

In Sri Lanka and the Maldives, new democratic governments used defamation reform as their signature policy to highlight their difference from their authoritarian predecessors. In the UK and India, defamation reform was a recognition of the development of democratic standards and the need to address injustices.

The Myanmar government could learn from all. Myanmar is still at the beginning of its transition and the 2020 elections in particular are an excellent opportunity for the government to lay out its plans for the coming years.

## Recommendations

This report has proposed options, each of which has its benefits and challenges. The government should commit to one:

- Option 1: Adopt a Civil Defamation Law
- Option 2: Add stronger defences to the Penal Code
- Option 3: Remove all prison sentences
- Option 4: Limit to "Deliberate and serious defamation"

- နည်းလမ်း(၂)- ရာဇသတ်ကြီးရှိ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေတွင် ပိုမိုခိုင်မာသော ခုခံကာကွယ်မှုများ ထည့်သွင်းခြင်း။
- နည်းလမ်း(၃)- ထောင်ဒဏ်အားလုံးကို ဖယ်ရှားပစ်ခြင်း။
- နည်းလမ်း(၄)- "ရည်ရွယ်ချက်ရှိရှိဖြင့် အပြင်းအထန် အသရေဖျက်မှုများ" ကိုသာ ကန့်သတ် ထားပေးရန်။

---

[1] http://www.dvb.no/news/article-66d-debate-upper-house/76613

[2] See "66(d): No real change" available at: http://freeexpressionmyanmar.org/66d-no-real-change/ အသရေဖျက်မှုနှင့်ပတ်သက်၍ တရားရုံးဆုံးဖြတ်ချက်အရပေါ်ပေါက်လာသော စီရင်ချက်ဥပဒေများအကြောင်းအကျယ်တဝင့်ကို အောက်ဖေါ်ပြပါဝက်ဆိုဒ်တွင် ပါရှိသော http://freeexpressionmyanmar.org/66d-no-real-change/ "၆၆ (ဃ) း စစ်မှန်သောပြောင်းလဲခြင်းမရှိ" အစီရင်ခံစာ တွင် ရှုပါ။

[3] See "Defamation? International standards and Myanmar's legal framework" available at: http://freeexpressionmyanmar.org/defamation-international-standards-and-myanmars-legal-framework/ အသရေဖျက်ခြင်းဆိုတာ ဘာလဲ: နိုင်ငံတကာစံနှုန်းများနှင့် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်

[4] Article 12 of the UDHR, and Article 17 of the ICCPR. လူ့အခွင့်အရေးကြေညာစာတမ်းပုဒ်မ ၁၂ နှင့် နိုင်ငံတကာ အရပ်ဖက်နှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ပုဒ်မ ၁၇

[5] Laws are normally concerned with objective criteria and therefore "honour" is inappropriate as it relates to subjective feelings. However, during the drafting of Article 12 and Article 17, "honour" was included to refer to an objective measurement of moral standing, in addition to "reputation" covering professional and social standing. Today, "reputation" is regarded as encapsulating moral, professional, and social standing. ဥပဒေများသည်ပုံမှန်အားဖြင့်ဓမ္မဓိဋ္ဌာန်ကျသည့်စံနှုန်းများနှင့်သက်ဆိုင်သည်။ "ဂုဏ်" ဆိုသောစကားရပ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏စိတ်ခံစားချက် နှင့် ဆက်နွယ်နေသည့်အတွက်ကြောင့်မဆီလျော်သောစကားရပ်ဖြစ်နေသည်။ သို့သော် ပုဒ်မ ၁၂ နှင့်၁၇ ကိုဥပဒေကြမ်းဆွဲစဉ်ကာလက "ဂုဏ်" ဆိုသော စကားရပ်သည် ဓမ္မဓိဋ္ဌာန်ကျသောကိုယ်ကျင့်တရားအဆင့်အတန်းကိုရည်ညွှန်းရာတွင်ပါဝင်ခဲ့ပြီး "ဂုဏ်သတင်း"ဟူသောဝေါဟာရ သာမကလူမှုရေးနှင့် ပညာရှင်အဆင့်အတန်းကိုလွှမ်းခြုံမိစေသည်။ ယနေ့ခေတ်တွင် "ဂုဏ်သိက္ခာ" သည် ကိုယ်ကျင့်သိက္ခာ၊ ပညာရှင်အဆင့် နှင့် လူမှုရေး ရပ်တည်ချက်များကိုပါ ထည့်သွင်းသတ်မှတ်ထားသည်။

[6] See: Media Legal Defence Initiative (2015), Freedom of Expression, Media Law and Defamation, available at: တရားဥပဒေဆိုင်ရာ မီဒီယာ ထုချေကာကွယ်မှု (၂၀၁၅) ၊ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခြင်း၊ မီဒီယာဥပဒေနှင့် အသရေဖျက်ခြင်းတို့ကို အောက်ပါ ဝက်ဘ်ဆိုဒ် များတွင်ဖတ်ရှုနိုင်သည်။ https://www.mediadefence.org/sites/default/files/resources/files/MLDI.IPI%20defamation%20manual.English.pdf

[7] For further information on "hate speech" and incitement see: http://freeexpressionmyanmar.org/incitement-hate-speech/ "အမုန်းစကား" နှင့ျလှူုုံ့ဆော ျခွငျးတို့နှင့ျပတျသကျ၍ဆကျလကျလေ့လာလိုပါက: http://freeexpressionmyanmar.org/incitement-hate-speech/ တွင်လေ့လာနိုင်သည်။

[8] See below for more information on the inappropriate inclusion of defamation provisions in Myanmar's newly adopted Law Protecting the Security and Privacy of Citizens (2017). ၂၀၁၇ခုနှစ်တွင်အသစ် ပြဋ္ဌာန်းလိုက်သော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေတွင် ဆီလျော်မှုမရှိသော အသရေ ဖျက်မှု ပြဋ္ဌာန်းချက်ထည့်သွင်းနှင့်သက်ဆိုင်သတင်းအချက်အလက်များကိုအောက်တွင်ကြည့်နိုင်သည်။

[9] Article 19 of the UDHR, and Article 19 of the ICCPR: "Everyone shall have the right to freedom of expression; this right shall include freedom to seek, receive and impart information and ideas of all kinds, regardless of frontiers, either orally, in writing or in print, in the form of art, or through any other media of his choice." လူ့အခွင့်အရေးကြေညာစာတမ်း ၏ပုဒ်မ ၁၉ နှင့် ICCPR ၏ ပုဒ်မ ၁၉ ။ ။ " လူတိုင်းသည် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်ရရှိရမည်။ ဤအခွင့်အရေး တွင် လွတ်လပ်စွာသတင်းရှာဖွေခွင့်၊ လက်ခံရယူခွင့်နှင့်အားလုံးသောသဘောတရား စိတ်ကူးနှင့် သတင်းအချက်အလက်အပါအဝင်တို့ကိုမျှဝေပေးခွင့်များပါ ပါဝင် သည် ။ မျှဝေရာတွင်လည်း နယ်စည်းမခြား၊ နှုတ်အားဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ အနုပညာပုံစံဖြင့်ဖြစ်စေ အခြားမည်သည့် မီဒီယာကို သုံး၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

[10] "Rights of others" only covers those rights established in the International Covenant on Civil and Political Rights, and other similar international human rights laws, GC34, para 28. "အခြားသူများ၏အခွင့်အရေး" ဟူသည် ICCPR တွင်ဖေါ်ပြထားသောအခွင့်အရေးများနှင့် အလားတူနိုင်ငံတကာလူ့အခွင့်အရေးဥပဒေများတွင် ပါဝင်သော အခွင့်အရေးများသာ အကျုံးဝင်သည်။ GC ၃၄၊ အပိုဒ် ၂၈။

[11] Moral concepts are subjective and any limitation for the purpose of protecting morals must be based on principles not deriving exclusively from a single tradition, and must not undermine the universality of human rights or the principle of non-discrimination, GC34, para 32 ကိုယ်ကျင့်တရားဆိုင်ရာ အသိသညာများသည် ပုဂ္ဂလဓိဋ္ဌာန်သဘောဆောင်သည်၊ ကိုယ်ကျင့်တရားကိုကာကွယ်ရန် ရည်ရွယ်သောမည်သည့်ကန့်သတ်ချက် မျိုးမဆို စည်းမျဉ်းဥပဒေသပေါ်တွင် အခြေခံရမည်။ တစ်ခုတည်းသော ရိုးရာအစဉ်အလာမှဆွဲယူခြင်းမဖြစ်စေရ။ ထို့ပြင် လူလူချင်းခွဲခြားဆက်ဆံခြင်းမပြု ရဟူသောစည်းမျဉ်းနှင့် အကြွင်းမဲ့သဘောဆောင်သောလူ့အခွင့်အရေးတို့ကို ပျက်ယွင်းခြင်းမရှိစေရ။ GC34, para 32

[12] For more information, please see the joint statement: Repeal 66(d) to protect legal constitutionality, non-duplication and clarity ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်၊ပုံစံတူဥပဒေများထပ်မနေစေခြင်းနှင့်ရှင်းလင်းပြတ်သားခြင်းကိုကာကွယ်ရန်၆၆(ဃ) ကိုအပြီးတိုင်ဖျက်သိမ်းပါ။ http://freeexpressionmyanmar.org/repeal-66d-to-protect-legal-constitutionality-non-duplication-and-clarity/

[13] For the conceptual origins of "liberty", see Aristotle's Politics Book No. 6 " လွတ်လပ်ခြင်း " ဟူသော သဘောထားအသိ၏မူလရင်းမြစ်ကို အရစ္စတိုတယ်၏ Politics ကျမ်းအတွဲ (၆)တွင် ရှု (http://www.perseus.tufts.edu/hopper/text?doc=Perseus%3Atext%3A1999.01.0058%3Abook%3D6%3Asection%3D1317b), and John Stuart Mill's book "On Liberty", published in 1869 (http://www.bartleby.com/130/1.html) ထို့ပြင် ဂျွန်စတီးဝပ် မေး(လ်) ၏ ၁၈၆၉ခုနှစ်ထုတ် ကျမ်းတွင်လည်း ရှု

[14] http://freeexpressionmyanmar.org/repeal-66d-to-protect-legal-constitutionality-non-duplication-and-clarity/

[15] Article 499: Whoever, by words either spoken or intended to be read, or by signs or by visible representations, makes or publishes any imputation concerning any person, intending to harm, or knowing or having reason to believe that such imputation will harm, the reputation of such person, is said, except in the cases hereinafter excepted, to defame that person. ပုဒ်မ ၄၉၉၊ မည်သူမဆို ဖတ်ရှုရန်အတွက် နှုတ်အားဖြင့်ဖြစ်စေ၊စာအားဖြင့်ဖြစ်စေ၊ သို့မဟုတ်၊ သင်္ကေတများ၊ မြင်တွေ့နိုင်သောကိုယ်စားပြုအရာများဖြင့် ဖြစ်စေ ၊ လူပုဂ္ဂိုလ်တစ်ဦးနှင့်သက်ဆိုင်သည့်မည်သည့်စွပ်စွဲချက်ကိုမဆို ထိခိုက်စေရန်ရည်ရွယ်ပြီး သို့မဟုတ် ထိုစွပ်စွဲချက်သည်ထိခိုက်စေမည်ဟူသော ယုံကြည်ချက်ရှိကြောင်းအကြောင်းပြချက်ကိုသိရှိလျှက်နှင့် ပြုလုပ်ခြင်း၊ထုတ်ဝေခြင်းပြုလုပ်ပြီး အဆိုပါလူ ပုဂ္ဂိုလ်သည် အသရေပျက်ယွင်းစေသည်။

Article 500: Whoever defames another shall be punished with simple imprisonment for a term which may extend to two years, or with fine, or with both. ပုဒ်မ ၅၀၀၊ မည်သူမဆိုအခြားသူတစ်ဦးအားအသရေဖျက်လျှင် ထောင်ဒဏ် ၂ နှစ်ကျခံစေရန်။ သို့မဟုတ်ဒဏ်ငွေ၊သို့မဟုတ် တပေါင်းတည်းကျခံစေ။

Article 501: Whoever prints or engraves any matter, knowing or having good reason to believe that such matter is defamatory of any person, shall be punished with simple imprisonment for a term which may extend to two years, or with fine, or with both. ပုဒ်မ ၅၀၁၊မည်သူမဆို ပုံနှိပ်ခြင်း သို့မဟုတ်မည်သည့်ပုံနှိပ်မှုမျိုးကိုမဆို အခြားမည်သည့်ပုဂ္ဂိုလ်ကိုမဆိုအသရေပျက်ယွင်းစေမည်ကိုသိလျှက် သို့မဟုတ် ပျက်ယွင်းစေမည်ကိုယုံကြည်ရန်အကြောင်းတစ်စုံတရာရှိလျှက်ပြုလုပ်ခဲ့သော် ထောင်ဒဏ် ၂ နှစ် သို့မဟုတ် ဒဏ်ငွေ၊သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံးကျခံစေ။

Article 502: Whoever sells or offers for sale any printed or engraved substance containing defamatory matter, knowing that it contains such matter, shall be punished with simple imprisonment for a term which may extend to two years, or with fine, or with both. ပုဒ်မ ၅၀၂၊ မည်သူမဆို အသရေဖျက်သည့်အကြောင်းအရာပါရှိသည့်မည်သည့်ပုံနှိပ်ထားသောအရာ၊ခပ်နှိပ်ထားသောအရာကို အသရေပျက်ယွင်းစေသော အရာပါရှိကြောင်းသိလျှက်နှင့် ပေးခြင်း၊ ရောင်းခြင်းပြုလုပ်ပါက ထောင်ဒဏ် ၂ နှစ် သို့မဟုတ် ဒဏ်ငွေ၊သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံးကျခံစေ။

[16] The Penal Code sanctions (fine sizes and imprisonment terms) were updated in 2016 in an amendment under the quasi-civilian government: http://www.burmalibrary.org/docs21/2016-01-07-Law_Amending_the_Penal_Code-6-bu.pdf ပြစ်မှုဆိုင်ရာပြစ်ဒဏ် ( ငွေဒဏ်ပမာဏနှင့် ထောင်ဒဏ်ကာလ ) များကို ၂၀၁၆ ခုနှစ်တွင် အရပ်သားတစ်ပိုင်းအစိုးရက ခေတ်နှင့်အညီပြင်ဆင်ခဲ့သည်။

[17]Article 34: Whoever commits any of the following acts shall, on conviction be punished with imprisonment for a term from 1 year to a maximum of 3 years or a fine or both: (d) creating, modifying or altering of information or distributing of information created, modified or altered by electronic technology to be detrimental to the interest of or to lower the dignity of any organization or any person. ပုဒ်မ ၃၄၊ မည်သူမဆို အောက်ပါ လုပ်ဆောင်မှုများကိုပြုလုပ်ခဲ့ပါက ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ၁နှစ်မှ ၃နှစ်အထိကျခံစေရန်၊သို့မဟုတ်ငွေဒဏ်ကျခံစေရန် သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်ပေါင်းကျခံစေမည်။(ဃ) မည်သည့်လူပုဂ္ဂိုလ်၊သု့ိမဟုတ်အဖွဲ့အစည်းတစ်ခု၏ ဂုဏ်ညိုးနွမ်းစေရန်သို့မဟုတ် အကျိုး စီးပွားပျက်စီးဆုံးရှုံးစေရန် အီလက်ထရောနစ်နည်းပညာကိုသုံးပြီး သတင်းအချက်အလက်ကိုပြောင်းလဲခြင်း၊ပြင်ဆင်ခြင်း၊ဖန်တီးခြင်းများပြုလုပ်ထားသည့် သတင်းကိုဖြန့်ဝေခြင်းသို့မဟုတ်သတင်းအချက်ကိုပြောင်းလဲခြင်း၊ပြင်ဆင်ခြင်း၊ဖန်တီးခြင်း၊

[18]Article 66: Whosoever convicted of any of the following offences is liable to an imprisonment not exceeding two years or a fine or both: (d) Extorting, defaming, disturbing, or threatening a person using a telecommunication network. ပုဒ်မ ၆၆၊ မည်သူမဆို အောက်ပါပြစ်မှုများမှတစ်ခုခုတွင်ပြစ်မှုထင်ရှား လျှင် ၂နှစ်ထက်မပိုသောထောင်ဒဏ် သို့မဟုတ် ငွေဒဏ်သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ် လုံးကျခံစေရမည်။ (ဃ) အီလက်ထရောနစ်နည်းပညာကိုသုံးပြီး လူတစ်ဦးအား အတင်းအကြပ်ငွေညှစ်ခြင်း၊အသရေဖျက်ခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း။

[19] Article 9: A News Media worker is responsible to comply with the following codes of conduct –

(a) Evaluation shall be performed to ensure accuracy and reliability of every bit of information and their completeness.
(b) When incorrect news have been published and amendment/revision is necessary, and this takes place in the Print Media, this revision shall have to be printed in the eye-catching position of the page or, if in other media, this should be published immediately.
(g) Writing news which relate to the interest of the public, writing style which deliberately affects the reputation of a specific person or an organization or generates negative impact to the human right shall be avoided.

ပုဒ်မ ၉၊သတင်းမီဒီယာလုပ်သားတစ်ဦးသည် အောက်ပါ ကိုယ်ကျင့်တရားများနှင့်ကိုက်ညီရန်ဝတ္တရားရှိသည်။

(က) သတင်း၏အစိတ်အပိုင်းတိုင်းနှင့် သတင်း၏ ပြီးပြည့်စုံမှု၊ယုံကြည်ကိုးစားနိုင်ချေရှိမှု။တိကျသေချာမှုတို့ကိုအာမခံနိုင်ရန်အတွက် သုံးသပ်ခြင်းကို လုပ်ဆောင်ရမည်။

(ခ) မမှန်သောသတင်းကိုဖြန့်ဝေမိလျှင် ပြင်ဆင်ချက် ပြုလုပ်ရမည်/လိုအပ်လျှင် ထည့်သွင်းရမည်။ထိုဖြစ်ရပ်သည် ပုံနှိပ်မီဒီယာတွင်ဖြစ်ပေါ်ခဲ့ပါက ။ ပြင်ဆင်ချက်ကိုမြင်သာသောစာမျက်နှာတွင်ထည့်သွင်းဖေါ်ပြရမည်။ အကယ်၍အခြားသောမီဒီယာများတွင်ဖြစ်ပေါ်ပါက ချက်ချင်းပြုလုပ်ရမည်။

(ဆ)အများပြည်သူအကျိုးစီးပွားနှင့်ဆက်နွယ်နေသောသတင်းကိုရေးသား ရာတွင် ရေးသားဟန်သည် သီးခြားလူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ်အဖွဲ့အစည်း တစ်ခု၏ ဂုဏ်သိက္ခာကိုတိုက် ရိုက်ထိခိုက်နိုင်သောအရေးအသား၊ သို့မဟုတ်၊ လူ့အခွင့်အရေးနှင့်ထိတွေ့မှားယွင်းနိုင်သောအရေးအသားများစသည် တို့ကိုရှောင်ရှားရမည်။Article 25: (a) Any News Media worker who is determined to be guilty by responsibilities and ethics stated in sub-section (b) of Article 9 and offensive sentence is passed, he/she will be fined from the minimum of 100,000 kyats to the maximum of 300,000 kyats.
(b) Any News Media worker who is determined to be guilty by responsibilities and ethics stated in sub-section (d), (f) and (g) of Article 9 and offensive sentence is passed, he/she will be fined from the minimum of 300,000 kyats to the maximum of 1,000,000 kyats.

ပုဒ်မ ၂၅။(က) မည်သည့်သတင်းမီဒီယာလုပ်သားမဆို ပုဒ်မ (၉) ၏အပိုဒ်ခွဲ (ခ) ပါကျင့်ဝတ်နှင့် ဝတ္တရားများကိုဖေါက်ဖျက်ကျူးလွန်သည်ဟုသတ်မှတ်ခံရပါက ပြစ် ဒဏ်ချမည်။ ထိုသူသည် အနည်းဆုံးဒဏ်ငွေ ၁၀၀၀၀၀ ကျပ်အများဆုံးဒဏ်ငွေ ၃၀၀၀၀၀ ကျပ်ပေးဆောင်ရမည်။

(ခ) မည်သည့်သတင်းမီဒီယာလုပ်သားမဆို ပုဒ်မ (၉) ၏အပိုဒ်ခွဲ (ဃ) (စ)နှင့် (ဆ)ပါကျင့်ဝတ်နှင့် ဝတ္တရားများကိုဖေါက်ဖျက်ကျူးလွန်သည်ဟု သတ်မှတ်ခံ ရပါက ပြစ်ဒဏ်ချမည်။ ထိုသူသည် အနည်းဆုံးဒဏ်ငွေ ၃၀၀၀၀၀ ကျပ်အများဆုံးဒဏ်ငွေ ၁၀၀၀၀၀၀ ကျပ်ပေးဆောင်ရမည်။Article 30: If prosecution is going to be brought under Article 25

(a) Respective departments or any individual assigned by a certain governmental organization are required to prosecute directly to the court of law.
(b) If the prosecuting party is an individual, he/she can directly sue at the court of law.

ပုဒ်မ ၃၀။အကယ်၍ တရားစွဲဆိုမှုသည် ပုဒ်မ (၂၅) အရစွဲဆို သည်ဆိုပါက

(က) သက်ဆိုင်ရာဌာနများသို့မဟုတ် တစ်စုံတစ်ရာသောအစိုးရအဖွဲ့အစည်းကတာဝန်ပေးအပ်ခံရသောမည်သည့်လူပုဂ္ဂိုလ်မဆို တရားရုံးတရားသူကြီးထံ တိုက်ရိုက်တရားစွဲ ရန်လိုအပ်သည်။

(ခ)အကယ်၍ တရားစွဲဆိုခြင်းသူသည် တစ်ဦးတည်းဖြစ်ပါက တရားရုံးတွင်တိုက်ရိုက်စွဲဆိုနိုင်သည်။

[20]Article 8(f): No one shall unlawfully interfere with a citizen's personal or family matters or act in any way to slander or harm their reputation. ပုဒ်မ ၈ (စ) မည်သူမျှ တရားဥပဒေမဲ့စွာဖြင့် ပြည်သူတစ်ဦးတစ်ယောက် သို့မဟုတ်မိသားစု ၏ အရေးကိစ္စများ ကို သူတို့၏ဂုဏ်သိက္ခာပျက်ယွင်းစေရန်၊ ညှိုး ငယ်စေရန် မည်သည့်နည်းနှင့်မျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။ Article 10: Whosoever is found guilty of committing an offence under Section 7 or Section 8, shall, in addition to a sentence for a period of at least six months, and up to three years, also be required to pay a fine of between 300,000 and 1,500,000 kyats. ပုဒ်မ ၁၀။ မည်သူမဆို အပိုဒ်ခွဲ (၇) သို့မဟုတ် (၈) အရပြစ်မှုကျူးလွန်သည်ဟုတွေ့ရှိရလျှင် ထောင်ဒဏ် (၆) လမှ ၃ နှစ်အထိကျခံစေရမည့်အပြင်၊ ဒဏ်ငွေ ၃၀၀၀၀၀ ကျပ် မှ ၁၅၀၀၀၀၀ ကျပ်အထိပေးဆောင်စေရမည်။

[21] Partial. ဘက်လိုက်မှု

[22] For further information on defamation case law see the report "66(d): No real change" available at: http://freeexpressionmyanmar.org/66d-no-real-change/ အသရေဖျက်မှုနှင့်ပတ်သက်၍ တရားရုံးဆုံးဖြတ်ချက်အရပေါ်ပေါက်လာသော စီရင်ချက်ဥပဒေများအကြောင်းအကျယ်တဝင့်ကို အောက်ဖေါ်ပြပါဝက်ဆိုဒ်တွင် ပါရှိသော http://freeexpressionmyanmar.org/66d-no-real-change/ "၆၆ (ဃ) ား စစ်မှန်သောပြောင်းလဲခြင်းမရှိ" အစီရင်ခံစာ တွင် ရှုပါ။

[23] For further information about the UK parliamentary discussions, please see the Joint Committee's report on the bill and its objectives: https://publications.parliament.uk/pa/jt201012/jtselect/jtdefam/203/203.pdf ယူကေလွှတ်တော်၏ ဆွေးနွေးချက်များကို ထပ်မံသိရှိလိုပါက ဥပဒေကြမ်းနှင့်ပတ်သက်၍ ပူးတွဲကော်မတီ၏ အစီရင်ခံစာနှင့် ရည်ရွယ်ချက်များကို ဤလင့်ခ်၌ ကြည့်ရှုလေ့လာနိုင်သည်။ https://publications.parliament.uk/pa/jt201012/jtselect/jtdefam/203/203.pdf

## အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များ

## မြန်မာ့ အသရေဖျက်မှုဥပဒေများကို ဒီမိုကရေစီစံနှုန်းနှင့်ကိုက်ညီရန် ပြုပြင်ရေးအတွက် ပညာရပ်ဆိုင်ရာ ရွေးချယ်စရာ လမ်းကြောင်းများ

ဤအစီရင်ခံစာသည် အသရေဖျက်မှုနှင့်ပတ်သက်သော ထုတ်ဝေသော စာစဉ်များတွင် တတိယမြောက် အစီရင်ခံစာဖြစ်သည်။ ပထမတစ်အုပ်တွင် အသရေဖျက်မှုဥပဒေများကို မြန်မာနိုင်ငံ၌ မည်သို့ တလွဲအသုံးပြုနေသည်ကို ရေးသားခဲ့ပြီး ဒုတိယတစ်အုပ်တွင် မြန်မာနိုင်ငံအနေဖြင့် ရှေးရှုသင့်သည့် နိုင်ငံတကာ ဒီမိုကရေစီစံနှုန်းများ အကြောင်းကို ရှင်းလင်းဖော်ပြခဲ့သည်။ ဤတတိယစာအုပ်၌ မြန်မာနိုင်ငံနှင့် အလားတူနိုင်ငံများတွင် မည်သို့ ဥပဒေပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ခဲ့ပုံကို အနှစ်ချုပ်တင်ပြထားပြီး မြန်မာအစိုးရ လုပ်ဆောင်နိုင်သည့် ရွေးချယ်စရာလမ်းကြောင်းများကိုလည်း အဆိုပြုထားသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်စတင် ကူးပြောင်းသည့် ပထမဆုံးသော နိုင်ငံမဟုတ်ဘဲ အခြားနိုင်ငံများ၏ လမ်းစဉ်ကို နောက်မှလိုက်နေရသော နိုင်ငံဖြစ်သည်။ အသရေဖျက်မှုဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းသည် ဒီမိုကရေစီအတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ကို နိုင်ငံအများစု၌ တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။

သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများတွင် ဒီမိုကရေစီအစိုးရသစ်များသည် အသရေဖျက်မှုနှင့်ပတ်သက်၍ ပြုပြင် ပြောင်းလဲမှုများကို ၎င်းတို့၏ အများပြည်သူပါဝင်မှုဖြင့် လှုပ်ရှားလုပ်ဆောင်သည့် Signature campaign များသဖွယ် အသုံးပြုကာ ယခင့်ယခင် အာဏာရှင်များနှင့် မတူကြောင်းကို ထုတ်ဖော်ပြသခဲ့ကြသလို ယူကေနှင့် အိန္ဒိယတွင်လည်း အသရေဖျက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီစံနှုန်းများ တိုးတက်မြင့်မားလာမှုကို အသိအမှတ်ပြုခြင်းဖြစ်ပြီး တရားမမျှတမှုကို ဖြေရှင်းနိုင်ရန် မဖြစ်မနေလိုအပ်သော အချက်တစ်ခု ဖြစ်ခဲ့သည်။

မြန်မာအစိုးရအနေဖြင့် နိုင်ငံအားလုံးထံမှ သင်ခန်းစာယူ လေ့လာနိုင်ပါသည်။ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းခါစ အနေအထားတွင်သာ ရှိနေပြီး ၂၀၂၀ ရွေးကောက်ပွဲသည် အစိုးရအတွက် လာမည့်နှစ်များအတွင်း ၎င်းတို့၏ အစီအစဉ်များကို ပြင်ဆင်ပြသနိုင်မည့် အကောင်းဆုံး အခွင့်အလမ်းတစ်ခုပင် ဖြစ်သည်။

## Defamation reform proposals

## Legal options for democratising Myanmar's defamation laws

This report is the third in a series on defamation. The first showed how defamation laws are being misused in Myanmar. The second explained the international democratic standards that Myanmar should be aiming for. This third report outlines how other similar countries reformed their laws and proposes options that the Myanmar government could take.

Myanmar is not the first country to start a transition to democracy. It follows many others, most of which have found that reforming defamation laws was a critical first step to democracy.

In Sri Lanka and the Maldives, new democratic governments used defamation reform as their signature policy to highlight their difference from their authoritarian predecessors. In the UK and India, defamation reform was a recognition of the development of democratic standards and the need to address injustices.

The Myanmar government could learn from all. Myanmar is still at the beginning of its transition and the 2020 elections in particular are an excellent opportunity for the government to lay out its plans for the coming years.

FREE EXPRESSION MYANMAR
လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ